# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၁)ရက် ၊ စနေနေ့ ၊ (12-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

ရတနာပုံ ယနေ့ဇတ်စရာ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ**

စာမျက်နှာ - ၁၈

## လေဖိအားနည်းရပ်ဝန်း ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း-အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်း - အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက် - အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းရိုးတန်း - ဩရိဿပြည်နယ်တောင်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက လက်ရှိကျင့်သုံးလျက်ရှိသော "စုံ"/ "မ" ရက်စနစ်- QR Code သတ်မှတ်ချက်နှင့်အညီ စက်သုံးဆီအရောင်းဆိုင်များတွင် ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးအတွက် "စုံ"ရက်များတွင် စုံနံပါတ်အက္ခရာပါသောယာဉ်များနှင့် "မ"ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင အသုံးပြုရန် ထုတ်ပြန်ခဲ့သည့် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ပယ်ဖျက်ခဲ့ပြီး

စာမျက်နှာ ၂၇ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်

အယ်ဒီတာ့အာဘော်

# လမြတ်ကာလ တော်သလင်းလ

တော်သလင်းလသည် မြန်မာပြက္ခဒိန်တွင် ခြောက်လမြောက်ဖြစ်ပြီး ရာသီမှာ ကန်၊ ရာသီရုပ်မှာ လှေစီးသတို့သမီး၊ ရာသီပန်းမှာရင်းမာပန်း၊ ရာသီပွဲမှာလှေသဘင်ပွဲတော်ဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ ဘဒြပိုဒ်ဖြစ်သည်။ တော်သလင်းလကို ဂရုဓမ္မအခါတော်လ၊ သစ်ဆင်းလဟုလည်း သတ်မှတ်ခေါ်ဝေါ်ကြသည်။

သစ်ဆင်းလဟုခေါ်ဆိုရခြင်းမှာ တော်သလင်းလတွင် မြစ်၊ ချောင်းတို့၏ ရေမျက်နှာပြင်တွင် လှိုင်းလေငြိမ်သက်စပြုလာပြီဖြစ်ပြီး မိုးနှောင်းကာလဖြစ်၍ မိုးလေကင်းလွတ်ကာ ကြည်လင်သာယာသောကြောင့် ထိုအချိန်အခါတွင် အထက်အရပ်မှ သစ်ဖောင်၊ ဝါးဖောင်များ အောက်ပြည်သို့စုန်ဆင်းရောင်းဝယ်ကြသည်ကို အကြောင်းပြု၍ သစ်ဆင်းလဟုခေါ်ဆိုခြင်းဖြစ်သည်။

တော်သလင်းလတွင် မိုးလေကင်းလွတ်ကာ ရာသီဥတုကြည်လင်သာယာသည်ဆိုသော်လည်း မိုးရွာပါက လယ်ကန်သင်းများပင် ကျိုးစေလောက်အောင် သဲသဲမဲမဲရွာတတ်သောကြောင့် ရှေးမြန်မာတို့က တော်သလင်းမိုးကို "တော်သလင်းမိုး ကန်သင်းကျိုး"ဟူ၍ ဆိုခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် "တော်သလင်းနေ ပုစွန်သေ"ဟုလည်းဆိုထားရာ တော်သလင်းလသည် မိုးလည်း သဲသဲမဲမဲရွာတတ်သကဲ့သို့ နေလည်းချစ်ချစ်တောက်ပူတတ်သည့် ရာသီလတစ်လဖြစ်ပေသည်။

တော်သလင်းလတွင် မြန်မာ့ရိုးရာလှေသဘင်ပွဲတော်များကိုလည်း ရှေးမင်းအဆက်ဆက်ကတည်းက နှစ်စဉ်ကျင်းပလေ့ရှိသည်။ လှေသဘင်ပွဲတော်များသည် အနိုင်ရရှိရေးအတွက်သာ ယှဉ်ပြိုင်ကြခြင်း မဟုတ်ပေ။ လှေတစ်စင်း အောင်မြင်စွာ ရွှေ့လျားနိုင်ရန် လှော်သူတိုင်း၏ စည်းချက်ညီမှု၊ အချင်းချင်း ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ လိုအပ်သည်။ ထို့ကြောင့် လှေသဘင်ပွဲတော်သည် မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ အားမာန်နှင့် အချင်းချင်း ရိုင်းပင်းကူညီမှုတို့ကို ထင်ဟပ်ပြသသည့် မြန်မာ့ရိုးရာပွဲတော်တစ်ရပ်လည်းဖြစ်ပေသည်။

တော်သလင်းလတွင် လောကီရေးရာပွဲများသာမက လောကုတ္တရာနှင့်ပတ်သက်၍ ဂရုဓမ္မအခါတော်နေ့ကိုလည်း သတ်မှတ်ပူဇော်ကြသည်။ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက ကုရုတိုင်းတွင် မင်းကြီးမှစ၍ မယ်တော်ကြီး၊ မိဖုရားကြီး၊ အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူး၊ ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ ထို့ကြောင့် တိုင်းပြည်သည် သဘာဝဘေးအန္တရာယ်များကင်းဝေးပြီး မိုးလေဝသမှန်ကန်ကာ ဆန်ရေစပါးပေါများ၍ အေးချမ်း သာယာဝပြောခဲ့သည်။ ထိုသို့ ငါးပါးသီလကို ကုရုတိုင်းသူပြည်သားများ အမြဲမပြတ်စောင့်ထိန်းကြသည်ကို အကြောင်းပြု၍ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့(ကုရုဓမ္မ)ဟု ဗုဒ္ဓဘာသာဝင်များက မှတ်ယူကြသည်။

မျက်မှောက်ကာလတွင် လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာသော်လည်း အနှစ်သာရရှိသည့် မြန်မာ့ရိုးရာလှေသဘင်ပွဲတော်ကို မျိုးဆက်သစ်လူငယ်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် လက်ဆင့်ကမ်း တန်ဖိုးထားစောင့်ရှောက်ကြရန်လိုအပ်သည်။ ထို့ပြင် ကိုယ်ကျင့်သီလ ကောင်းမွန်ရေးအတွက် အခြေခံကျသည့် ငါးပါးသီလကို တော်သလင်းလ (ဂရုဓမ္မအခါတော်လ) တွင်သာမက အစဉ်အမြဲ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းလိုက်နာကာ လုံခြုံအောင် ထိန်းသိမ်းခြင်းဖြင့် ယခုဘဝတွင်သာမက နောင်သံသရာဘဝများထိပါ ကောင်းကျိုးချမ်းသာအဖြာဖြာကို ခံစားကြရမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ဧက ၂၉၈၀ စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၂၉၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၅ ဧက၊ ဖူးစားပြောင်း ၂၉၅၅ ဧက စုစုပေါင်း ဧက ၂၉၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း စုစုပေါင်း ဧက ၂၉၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပြောင်းသီးနှံ ဖြစ်ထွန်းအောင်မြင်ဖို့၊ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေကို စနစ်တကျ သုံးစွဲဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် နည်းပညာပေးတာတွေ၊ အသိပညာပေးတာတွေ ဆောင်ရွက်သွားပါမယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးနီတူခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးနီတူခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးနီတူခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးနီတူခြောက်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့တဲ့ ငါးနီတူခြောက်တွေက အရည်အသွေးကောင်းပြီး စနစ်တကျ ထုတ်လုပ်ထားတဲ့ ငါးခြောက်တွေပါ။ ဒီဘက်ကနေ ငါးနီတူခြောက်တွေ အပါအဝင် ငါးအမျိုးမျိုးကို စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ လက်ရှိလဲ ဝယ်လက်တွေက မှာယူထားတာတွေ ရှိပါတယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးနီတူခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးနီတူခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၀၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သာစည်မြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဇီးတောကျေးရွာ၌ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ငွေကျပ် ၅၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ချမ်းအေးသာစံမြို့နယ် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြောပွဲကျင်းပ

**ချမ်းအေးသာစံ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၂၇) အခြေခံပညာအထက်တန်းကျောင်းခွဲတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ် အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက်က အဆိုပါ ကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ် (၂၇)အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်စုကြည်က အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးထွန်းထွန်းနိုင်က လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာ ရွှေနေမောင် မောင်ညိုက လူငယ်နှင့် ဥပဒေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ဟာမိုနီက ပညာ့ဂုဏ်ရည် ဟာမိုနီခေါင်းစဉ်ဖြင့် လည်းကောင်း ကျောင်းသား၊ ကျောင်းသူများ သိရှိမှတ်သား လိုက်နာကြစေရန် ဟောပြောဆွေးနွေးသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်အသိပညာပေး ဟောပြောပွဲသို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်၊ မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ ရွှေနေမောင်မောင်ညို၊ စာရေးဆရာ ဟာမိုနီ၊ အမှတ် (၂၇) အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်စုကြည်၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၆ လမ်းနှင့် ၃၆ လမ်းနေ ဒေါ်သီတာမွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀၊ ကျောက်ကပ်ဆေးသံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၁၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၆၅၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၂၃ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၂၃ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်း စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်း ၂၃၂၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးသွားပါမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး အတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ **(၂၀၆)**

# ညောင်ဦးမြို့နယ် သူဌေးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွားစောကျေးရွာအုပ်စု သူဌေးကန်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သူဌေးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မအူပင်မြို့နယ်တွင် ဒေသထွက် ပေါ်ကျွဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဒေသထွက် ပေါ်ကျွဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် စက်တင်ဘာ ၁ ရက်မှ စတင်၍ ယနေ့ထိ ပေါ်ကျွဲဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပေါ်ကျွဲဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် ပေါ်ကျွဲဆန်က ဝယ်လိုအားကောင်းနေပါတယ်။ စက်တင်ဘာ ၁ ရက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်က ပေါ်ကျွဲဆန်တွေအဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ တစ်ရက်ကို ပေါ်ကျွဲဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀ လောက်ထိကို အရောင်းအဝယ်ဖြစ်နေပါတယ်။ အရောင်းအဝယ်ကောင်းမွန်လာတော့ ဆန်စပါးသိုလှောင်ထားတဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ပေါ်ကျွဲဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ပေါ်ကျွဲဆန်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်လာကြောင်း၊ အဆိုပါ ပေါ်ကျွဲဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်ပျိုးသူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ဥသျှစ်သီး

**ဒေါက်တာလပြည့်ခင်**



ဥသျှစ်ပင်၏ မူလဇာစ်မြစ်မှာ အိန္ဒိယနိုင်ငံနှင့် တောင်အာရှဒေသများဖြစ်ကြပြီး သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း စသည့်အရှေ့တောင်အာရှနိုင်ငံများတွင် သဘာဝအလျောက်ပေါက်ရောက်ကြသည်။ ဥသျှစ်ပင်သည် သဘာဝအတိုင်းအလေ့ကျပေါက်ရောက်နိုင်စွမ်းမြင့်မားသော်လည်း ၎င်း၏ အသုံးဝင်မှုကြောင့် တကူးတကစိုက်ပျိုးထားတတ်ကြသည်။

**ဥသျှစ်သီး၏ အာနိသင်**

ဥသျှစ်သီးသည် အလှအပ၊ အသားအရေ၊ သွေး၊ အရိုး၊ ဦးနှောက်၊ မျက်စိ၊ နှလုံး၊ ဟော်မုန်း၊ ကိုယ်ခံစွမ်းအားစနစ်၊ အူမကြီး၊ ကျောက်ကပ်၊ အသည်း၊ အဆုတ်၊ ဇီဝဖြစ်စဉ်၊ ကြွက်သားနှင့် ဝမ်းတို့အတွက် အထူးကောင်းမွန်သည်။ မြန်မာ့ဆေးကျမ်းများအလိုအရ ဥသျှစ်ရွက်နှင့် အသီးနှစ်မျိုးစလုံး ဆေးဖက်ဝင်ကြောင်း သိရသည်။ ဥသျှစ်သီးမှည့်သည် ချို၏။ ပူ၏။ အနည်းငယ်စပ်ရှိန်း၍ သလိပ်ကို ယုတ်လျော့စေသည်။ သွေးကိုပွားစေခြင်း၊ လေသလိပ်၊ သည်းခြေနာ၊ အစာမကြေနာနှင့် အပူကိုနိုင်၏။ ဝမ်းကိုရှင်စေ၏။ အဖျားကိုနှိမ်နင်းနိုင်၏ဟု ဖော်ပြထားသည်။

**မြန်မာ့ဆေးကျမ်းပါ ဥသျှစ်ရွက်**

မြန်မာ့ဆေးကျမ်းများအလိုအရ ဥသျှစ်ရွက်ပေါင်းရည်ကို ကြွေဇွန်းငယ်တစ်ဇွန်းခန့်တိုက်ပေးပါက ကလေးများဝမ်းပျက်ရောဂါနှင့် ချွဲသလိပ်ကျပ်ရောဂါပျောက်ကင်း၏။ ဥသျှစ်ရွက်ကိုကြိတ်၍ မျက်စိ၌ကွင်းပေးပါက မျက်စိနာရောဂါပျောက်၏။ ဥသျှစ်ရွက်ညှစ်ရည်ကို နံနက်၊ ညသောက်ပေးပါက ဖျားခြင်း၊ မျက်ရည်ပူယိုခြင်း၊ ချောင်းဆိုးခြင်းများပျောက်၏။ အနာ၊ အဖုအပိမ့်များကို ၎င်းအရွက်စိမ်းကြိတ်၍အုံပေးပါက နုလျှင်ပိန်၍ ရင့်လျှင်ပြည်ပေါက်၏။ ကလေးများသန်ထလျှင် ဥသျှစ်ရွက်ညှစ်ရည်ကို အရွက်အလိုက် ချင့်၍တိုက်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်၏ဟု ဖော်ပြပါရှိသည်။

**ပါဝင်သောအာဟာရဓာတ်များ**

ဥသျှစ်သီးတွင် ဗီတာမင်စီ၊ ဗီတာမင်အေ၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ဖော့စဖရတ်၊ ပရိုတင်းနှင့် အမျှင်ဓာတ်တို့ကြွယ်ဝစွာပါဝင်သည့်အပြင် ဗီတာမင်ဘီ Complex (Thiamine၊ Riboflavin၊ Niacin) နှင့် အစွမ်းထက်ဓာတ်တိုးဆန့်ကျင်အာနိသင်ဓာတ်များလည်းပါဝင်သည်။ အဓိကတက်ကြွသောဒြပ်ပေါင်းများဖြစ်သည့် Tannins၊ Marmesin၊ Limonene၊ Coumarins တို့လည်း ပါဝင်သည်။

**အူလမ်းကြောင်းကိုကျန်းမာစေခြင်း**

ဥသျှစ်သီးအမှည့်တွင်ပါဝင်သော အမျှင်ဓာတ်နှင့် သဘာဝဝမ်းနုတ်ဓာတ်များကြောင့် အူလှုပ်ရှားမှုကိုကောင်းမွန်စေပြီး နာတာရှည်ဝမ်းချုပ်ခြင်းကို ပျောက်ကင်းစေသည်။ ဥသျှစ်သီးအစိမ်းနှင့် အခြောက်နှစ်မျိုးစလုံးသည် အူလမ်းကြောင်းကို ကျန်းမာစေပြီး ဝမ်းကိုက်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့်အူရောင်ခြင်းကို သက်သာစေသည်။ အစာအိမ်အက်စစ်ဓာတ်လွန်ကဲခြင်းကို လျှော့ချပေးပြီး အစာအိမ်ရောင်ခြင်းနှင့် အစာအိမ်အနာများကို သက်သာစေသည်။ ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိနေသောကြောင့် အစာခြေလမ်းကြောင်းတစ်ခုလုံးကို ကျန်းမာစေပြီး အစာအိမ်နာများရှိပါက သက်သာစေနိုင်ပြီး ရောင်ရမ်းမှုကို လျော့ပါးသက်သာစေနိုင်သည်။ ဥသျှစ်သီးကိုစားခြင်းဖြင့် သွေးသန့်စင်စေပြီး အသားအရေကိုကြည်လင်စေသည်။

**သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ခြင်း**

ဥသျှစ်သီးတွင် သဘာဝဓာတ်ပေါင်းများပါဝင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ၅၄ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုရောဂါကို သက်သာပျောက်ကင်းစေသည်။

**နှလုံးကျန်းမာစေ၍ ကိုလက်စထရောကို ထိန်းညှိပေးနိုင်ခြင်း**

ဥသျှစ်သီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် နှလုံးနှင့်ပတ်သက်သည့်ရောဂါများမခံစားရအောင် ကာကွယ်ပေးနိုင်သကဲ့သို့ လေဖြတ်ခြင်းနှင့် ရုတ်တရက်နှလုံးရပ်ခြင်းတို့မဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ဥသျှစ်သီးတွင် ကိုလက်စထရောပမာဏကို ထိန်းညှိပေးပြီး သွေးတွင်းကိုလက်စထရောပမာဏကို ကျဆင်းစေနိုင်သည့်ဓာတ်များ ပါဝင်သည်။

**ဘက်တီးရီးယားများကိုတိုက်ဖျက်ပေးနိုင်ခြင်း**

ဥသျှစ်သီးတွင် ဘက်တီးရီးယားနှင့် မှိုကြောင့်ဖြစ်သည့်ရောဂါများကို အထိရောက်ဆုံးကာကွယ်ပေးနိုင်သောကြောင့် အရေပြားအပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် မှိုပိုးကူးစက်ခံရခြင်းနှင့်ရောဂါပိုးကူးစက်ခံရခြင်းတို့ကို သက်သာစေနိုင်သည်။

**ဝမ်းမှန်စေခြင်း**

ဥသျှစ်သီးဖျော်ရည်သည် ဝမ်းချုပ်မှုကို သက်သာစေပြီး ဗိုက်အောင့်ဗိုက်နာကိုလည်း သက်သာစေနိုင်သည့် သဘာဝဝမ်းနုတ်ဆေးတစ်မျိုးဖြစ်ပြီး အူများနှင့် အစာခြေလမ်းကြောင်းကို သန့်စင်ပေးနိုင်သည်။ ဥသျှစ်သီးဖျော်ရည်က ဝမ်းမှန်စေရုံသာမကဘဲ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းများကိုပါသက်သာစေနိုင်သကဲ့သို့လိပ်ခေါင်းဝေဒနာကိုပါ သက်သာစေနိုင်သည်။ ဥသျှစ်သီးကို ဧရုတ်ကောင်း၊ ဆားတို့နှင့်ရောစပ်ပြီးသောက်သုံးပါက အူအတွင်းမှ အဆိပ်အတောက်များကို အထိရောက်ဆုံးဖယ်ရှားနိုင်မည်ဖြစ်သည်။

**အပူငြိမ်းစေခြင်း**

ဥသျှစ်သီးကို ပျားရည်နှင့်ဖျော်ပြီး သောက်ပေးပါက အပူများ၍ လျှာနှင့်ပါးစပ်တွင်ဖြစ်သည့် အနာများကိုသက်သာစေနိုင်ပြီး ကိုယ်တွင်းအပူကိုငြိမ်းစေနိုင်သည်။ နံနက်စာမစားမီနှင့် ညစာမစားမီတွင် ဥသျှစ်သီးဖျော်ရည်ကို ပုံမှန်သောက်ပေးခြင်းဖြင့် ကိုယ်တွင်းအပူငြိမ်းစေရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ဥသျှစ်သီးဖျော်ရည်ကို ကရဝေးရွက်၊ နနွင်းတို့နှင့်ဖျော်ပြီး တစ်နေ့နှစ်ကြိမ် သောက်ပေးပါက အရေပြားတွင် အဖုအပိမ့်များဖြစ်ခြင်းကို သက်သာစေနိုင်သည်။ နို့တိုက်မိခင်များအနေဖြင့် ဥသျှစ်သီးကို ချင်းနှင့်ဖျော်ပြီး သောက်ပေးမည်ဆိုပါက မွေးကင်းစကလေးအတွက် လုံလောက်သည့် နို့ချိုကို ရရှိစေမည်ဖြစ်သည်။

**ကင်ဆာကာကွယ်ပေးခြင်း**

ဥသျှစ်သီးဖျော်ရည်တစ်ခွက် နေ့စဉ်သောက်သုံးပေးက ရင်သားကင်ဆာအပါအဝင် ကင်ဆာရောဂါတော်တော်များများကို ကာကွယ်နိုင်မည်ဖြစ်သည်။

**သွေးသန့်စေခြင်း**

ဥသျှစ်သီးကို ရေနွေး၊ ပျားရည်တို့နှင့် ရောစပ်သောက်သုံးပေးခြင်းဖြင့် သွေးတွင်းမှ အဆိပ်အတောက်များကို အထိရောက်ဆုံးဖယ်ရှားပေးနိုင်ပြီး သွေးသန့်စေနိုင်သည်။

**ဗီတာမင်စီချို့တဲ့မှုကို ကာကွယ်ပေးခြင်း**

ဥသျှစ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာကြွယ်ဝသောကြောင့် ရောဂါများစွာကိုသက်သာစေနိုင်စွမ်းရှိသည့်အပြင် ဗီတာမင်စီချို့တဲ့မှုကြောင့်ဖြစ်သည့် သွေးကြောများထိခိုက်မှုမဖြစ်စေရန်အတွက်လည်း ဥသျှစ်သီးဖျော်ရည်ကို သောက်သုံးပေးနိုင်သည်။ ဥသျှစ်သီးသည် ပန်းနာရင်ကျပ်ရောဂါအပါအဝင် အအေးမိဖျားနာခြင်းကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ရောဂါများကို အထိရောက်ဆုံးကာကွယ်ပေးနိုင်စွမ်းရှိသည်။

**ရှောင်ကြဉ်သင့်သူများ**

ဥသျှစ်သီးသည် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော်လည်း တစ်ကြိမ်တည်းလွန်ကဲစွာစားသုံးပါက ဝမ်းရောင်ခြင်း သို့မဟုတ် လေပွခြင်းဖြစ်နိုင်သည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်သင့်ပြီး ဆီးချိုရောဂါရှိသူများအနေဖြင့် သကြားအများအပြားထည့်ပြီး ဖျော်စပ်ခြင်းကို သတိပြုသင့်သည်။ အချို့သူများတွင် ဓာတ်မတည့်ခြင်းဖြစ်ပေါ်နိုင်သည်။

**အနှစ်ချုပ်**

ဥသျှစ်သီးသည် အစာခြေစနစ်နှင့် အူလမ်းကြောင်းကျန်းမာရေးအတွက် ထူးခြားသည့်သဘာဝဆေးဖက်ဝင်အသီးတစ်မျိုးဖြစ်ပြီး သင့်တော်ရုံပမာဏကို ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ရာသီစာဥသျှစ်သီးကို စားသုံးပေးခြင်းဖြင့် နှလုံးကျန်းမာစေနိုင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကို ကျန်းမာစေနိုင်ခြင်း၊ အစာခြေစနစ်ကို အလွန်ကောင်းမွန်စေခြင်း၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း၊ ခန္ဓာကိုယ်ကို အအေးဓာတ်ပေးပြီး အပူကင်းစေခြင်း၊ သွေးသန့်စင်ပေးပြီး အသားအရေကိုကြည်လင်စေခြင်း၊ ကိုလက်စထရောထိန်းညှိပေးခြင်း၊ ဘက်တီးရီးယားများကို တိုက်ဖျက်ပေးခြင်း၊ ဝမ်းမှန်စေခြင်း၊ အရေပြားအဖုအပိမ့်များကို သက်သာစေခြင်း၊ ကင်ဆာရောဂါလက္ခဏာများကို ကာကွယ်ပေးနိုင်ခြင်း၊ ဗီတာမင်စီချို့တဲ့မှုကို ကာကွယ်ပေးနိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများကို ရရှိစေသောကြောင့် ကျန်းမာရေးအတွက် အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်သော ဥသျှစ်သီးကို သင့်တင့်မျှတစွာ စားသုံးပေးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၁၇ ဧက စိုက်ပျိုးမည်

**ဟုမ္မလင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၁၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၂၈၉၅ ဧက၊ မိုပိုင်းလွတ်မြို့တွင် ၁၂၂ ဧက စုစုပေါင်း ၃၀၁၇ ဧကဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ၃၀၁၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသောဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစေရန် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၇၉၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ဒီပဲယင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၇၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၇၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားမယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

## သရက်မြို့နယ် သဲတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးတောင်ကျေးရွာအုပ်စု သဲတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ငုဝါထွေးက စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၉ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သဲတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၈၇ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် သိန်း ၇၀၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၇၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကိုမြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆက်လှူ**

## ဘဝတက်လမ်း

\- တိုးတက်သူ ဘဝလမ်း
ခက်ခဲကြမ်း ကေန်ပါ၊
ပညာရယ် ဖွဲသတ္တိနှင့်
ဝီရိယပါ၊
ငါဒေါသ အတ္တမပါ
မေတ္တာပါ စိတ်ကောင်းမွေး၊
အချိန်ကို လေးစား
ကြိုးစားမနေး။

\- အောင်မြင်သူ လမ်းစဉ်လေး
အတုယူပေး ချစ်မိတ်ဆွေ၊
ကိုယ့်ဘဝ ကိုယ့်တက်လမ်း
ကြိုးပမ်းရှာဖွေ၊
ဖွဲလုံ့လဝီရိယစေ
ပညာတွေ ဆည်းပူးထား၊
စိတ်ဓာတ်ခိုင် ပန်းတိုင်အရောက်
လှမ်းလျှောက်လူသား။

\- ဒုစရိုက် လောင်းကစား
ရှောင်ရှားလို့ ဘဝမှာ၊
မိမိကိုယ် ယုံကြည်ချက်နှင့်
တက်လမ်းကိုရှာ၊
ရိုးသားလို့ ကြိုးစားကာ
ပြင်းပြပါ စိတ်ဆန္ဒ၊
တစ်နေ့ဝယ် လိုရာခရီး
နီးလာမယ် ကေန်မလွဲ
ရောက်မြဲမုချ။ ။

ချစ်သက်(မြန်မာစာ)

## သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေဝကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့ကြီးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# တရုတ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးရန် နှစ်နိုင်ငံတာဝန်ရှိသူများ စီစဉ်နေ

**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ကြား ထိပ်သီးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက စီစဉ်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် နယူးဒေလီမြို့၌ စက်တင်ဘာ ၁၂ ရက်တွင် စတင်ကျင်းပမည့် ဘရစ်အုပ်စု(BRICS) ထိပ်သီးညီလာခံ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနှင့် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာအမြင်၊ ရေရှည်အမြင်များနှင့် တည်ဆောက်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ဘရစ်အုပ်စု ထိပ်သီးညီလာခံကို စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ နယူးဒေလီမြို့၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါထိပ်သီးညီလာခံကာလအတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဘရစ်အုပ်စုဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် လက်ရှိနိုင်ငံတကာ အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးမည်ဖြစ်သည်။

ဘရစ်အုပ်စု ထိပ်သီးညီလာခံသို့ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့အပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယားနှင့် ဗဟိုအာရှငါးနိုင်ငံတို့ကြား ထိပ်သီးဆွေးနွေးပွဲ လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည်



**ဆိုးလ် စက်တင်ဘာ ၁၁**

ပထမဆုံးသော တောင်ကိုရီးယား- ဗဟိုအာရှ ထိပ်သီးညီလာခံကို လာမည့်ရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သမ္မတလီဂျေးမြောင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယား အစိုးရအနေဖြင့် သဘာဝသယံဇာတကြွယ်ဝသည့် ဗဟိုအာရှဒေသနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းနေစဉ်တွင် တောင်ကိုရီးယား-ဗဟိုအာရှထိပ်သီးညီလာခံကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

ဆိုးလ်မြို့၌ စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပမည့် အဆိုပါထိပ်သီးညီလာခံသို့ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မန်နစ္စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြမည် ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထိပ်သီးညီလာခံ၌ တောင်ကိုရီးယားနှင့် ဗဟိုအာရှနိုင်ငံများမှ ခေါင်းဆောင်များသည် နှစ်ဖက်ဆက်ဆံရေး တိုးချဲ့နိုင်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင်တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် စက်တင်ဘာ ၁၄ ရက်နှင့် ၁၆ ရက်ကြား ကာလအတွင်း ဗဟိုအာရှနိုင်ငံ ငါးနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ဝေလငါးဖမ်းဆီးမှု ပိတ်ပင်ရေးဥပဒေကြမ်း လွှတ်တော်သို့ အိုက်စလန်အစိုးရ တင်သွင်းမည်



**ရိန်းခ်ဂျာဗစ်ခ် စက်တင်ဘာ ၁၁**

ဝေလငါးဖမ်းဆီးမှု ပိတ်ပင်ရေးဥပဒေကြမ်းကို လာမည့်နှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်သို့ တင်သွင်းရန် အိုက်စလန်အစိုးရက စီစဉ်ထားကြောင်း စက်တင်ဘာ ၁၀ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လာမည့်နှစ် အတွင်း လွှတ်တော်သို့ တင်သွင်းမည့် အိုက်စလန်အစိုးရ၏ ဥပဒေကြမ်း၌ ဝေလငါးဖမ်းဆီးမှုကို အမြဲတမ်းပိတ်ပင်ရန်အဆိုပြုထားသည်။

ထိုဥပဒေကြမ်းကို အိုက်စလန်လွှတ်တော် အတည်ပြုခဲ့ပါက ကမ္ဘာပေါ်၌ ဂျပန်နှင့် နော်ဝေနိုင်ငံတို့သာ ဝေလငါးများကို စီးပွားဖြစ်ဖမ်းဆီးနေသော နိုင်ငံများအဖြစ် ကျန်ရှိမည်ဖြစ်သည်။

အိုက်စလန်နိုင်ငံသည် ယခုနှစ် ဇွန်လမှ စက်တင်ဘာလကြား ဝေလငါးဖမ်း ရာသီအတွင်း ဝေလငါးအကောင် ၈၀ ထိ ဖမ်းဆီးထားကြောင်း ဝေလငါးထိန်းသိမ်းကာကွယ်ရေးကော်မရှင်၏ အဆိုအရသိရသည်။

အိုက်စလန်နိုင်ငံသည် ယခုနှစ်တစ်နှစ်လုံးအတွက် ဝေလငါးအကောင် ၁၅၀ ထိ ဖမ်းဆီးခွင့်ရထားသည်။

နိုင်ငံတကာဝေလငါးထိန်းသိမ်းကာကွယ်ရေး ကော်မရှင်၏ အဆိုအရ ကမ္ဘာပေါ်၌ အိုက်စလန်၊ နော်ဝေ၊ ဂျပန် သုံးနိုင်ငံတို့ကသာ ဝေလငါးများကို စီးပွားဖြစ်ဖမ်းဆီးနေကြသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူအေအီးနိုင်ငံနှင့် သံတမန်ဆက်ဆံရေးထားရှိမှုကို အယ်လ်ဂျီးရီးယားနိုင်ငံ ဖြတ်တောက်

**အယ်လ်ဂျီးယားစ် စက်တင်ဘာ ၁၁**

အယ်လ်ဂျီးရီးယား နိုင်ငံသည် ယူအေအီးနိုင်ငံနှင့် သံတမန်ဆက်ဆံရေးထားရှိမှုကို စက်တင်ဘာ ၁၀ ရက်တွင် ဖြတ်တောက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ၏ ရန်လိုရာရောက်သည့် လုပ်ရပ်များကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့ခြင်း ဖြစ်ကြောင်း အယ်လ်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးက ကြေညာထားသော်လည်း အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့ရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ဖြတ်တောက်ရန် အယ်လ်ဂျီးရီးယား နိုင်ငံ၏ ဆုံးဖြတ်ချက်မှာ ယာယီဆုံးဖြတ်ချက်မျှသာဖြစ်သည်ဟု မိမိတို့မျှော်လင့်ထားကြောင်း ယူအေအီးနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယူအေအီးနိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများကြား ဆက်ဆံရေးနှင့် ဘုံအကျိုးစီးပွားများကို ဆက်လက် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အယ်လ်ဂျီးရီးယားနှင့် ယူအေအီးနိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ပြီးခဲ့သည့်နှစ်များအတွင်း တင်းမာလာခဲ့ရသည်။

ယူအေအီးနိုင်ငံသည် ဒေသတွင်းနိုင်ငံများကို ရန်တိုက်ပေးနေကြောင်း အယ်လ်ဂျီးရီးယားမီဒီယာများက ပြောကြားပြီး ယူအေအီးအစိုးရကို ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားထားသည်။

ယူအေအီးနိုင်ငံ၏ လုပ်ရပ်များသည် မိမိတို့သည်းမခံနိုင်သည့် အဆင့်ကို ရောက်ရှိနေပြီဟု အယ်လ်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံ သင်္ဘောကျင်းတစ်ခု၌ ကုန်တင်သင်္ဘောတစ်စီး မီးလောင် လူ ၂၅ ဦးသေဆုံး၍ ငါးဦးဒဏ်ရာရ

**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံအရှေ့ပိုင်း ချင်းတောက်မြို့ရှိ နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခုတွင် ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေသည့် ပြည်ပကုန်တင်သင်္ဘောတစ်စီးပေါ်၌ စက်တင်ဘာ ၁၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦးသေဆုံး၍ ငါးဦးဒဏ်ရာရခဲ့ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သော ကုန်တင်သင်္ဘောမှာ ချင်းတောက်ပေဟိုင်းသင်္ဘောကျင်း၌ ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေသည့် ကုန်တင်သင်္ဘော ဖြစ်ကြောင်း သိရသည်။



မီးလောင်မှု ဖြစ်ပွားချိန်တွင် အဆိုပါသင်္ဘောပေါ်၌ လူ ၄၂ ဦးထိ ရှိနေပြီး ၁၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။


မီးလောင်မှု ဖြစ်ပွားခဲ့သည့် သင်္ဘောမှာ လိုက်ဘေးရီးယား မှတ်ပုံတင် အိုးရှင်းမယ်လိုဒီ ကုန်တင် သင်္ဘောဖြစ်ကြောင်း သိရသည်။

သက်တမ်းအားဖြင့် နှစ် ၂၀ ရှိပြီဖြစ်သော အိုးရှင်းမယ်လိုဒီကုန်တင်သင်္ဘောသည် ချင်းတောက်ပေဟိုင်းသင်္ဘောကျင်း၌ ဩဂုတ် ၃၁ ရက်တွင် စတင်လွှန်းတင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# PDS 70 ကြယ်တံခွန်၏အတွင်းပိုင်းသို့ ရေခဲကြယ်တံခွန်များက ရေဓာတ်များ ပို့ဆောင်ပေးခဲ့သည့် အထောက်အထားများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား



**စတော့ဟုမ်း စက်တင်ဘာ ၁၁**

PDS 70 အမည်ရှိ ကြယ်တံခွန်တစ်ခု၏အတွင်းပိုင်းသို့ ရေခဲကြယ်တံခွန်များက ရေဓာတ်များ ပို့ဆောင်ပေးခဲ့သည့် အထောက်အထားများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်နိုင်ငံ လန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် PDS 70 ကြယ်စနစ်၏ အတွင်းပိုင်း၌ ပြောင်းလဲမှုမြန်ဆန်သည့် ဆိုဒီယမ်ဓာတ်ငွေ့တိမ်တိုက်များကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါ ဆိုဒီယမ်ဓာတ်ငွေ့တိမ်တိုက်များသည် PDS 70 ကြယ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြသည့် ရေခဲကြယ်တံခွန်များက ထုတ်လွှတ်ခဲ့သော ဆိုဒီယမ်ဓာတ်ငွေ့တိမ်တိုက်များ ဖြစ်နိုင်ကြောင်း ဆွီဒင်သိပ္ပံပညာရှင်များက ယူဆထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် PDS 70 ကြယ်စနစ်အတွင်းပိုင်း၌ ရေဓာတ်များတည်ရှိမှုကို ထောက်လှမ်း တွေ့ရှိခဲ့ပြီးဖြစ်ရာ ၎င်းရေဓာတ်များကို ရေခဲကြယ်တံခွန်များကပင် သယ်ယူလာခြင်း ဖြစ်နိုင်ကြောင်း ဆွီဒင်သိပ္ပံပညာရှင်များက ပြောကြားသည်။

PDS 70 ကြယ်စနစ်သည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၃၇၀ အကွာတွင်တည်ရှိသော သက်နုကြယ်စနစ်ဖြစ်ပြီး ၎င်းကြယ်စနစ်တွင် PDS 70 b နှင့် PDS 70 c အမည်ရှိ ဓာတ်ငွေ့ဂြိုဟ်နှစ်စင်း ဖွဲ့စည်းဖြစ်ပေါ်နေကြောင်း သိရသည်။

ဆွီဒင်သိပ္ပံပညာရှင်များသည် PDS 70 ကြယ်ဝန်းကျင်ရှိ ဆိုဒီယမ်ဓာတ်ငွေ့တိမ်တိုက်များကို ဥရောပအာကာသအေဂျင်စီ HARPS တယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ဆေးလိပ်မီးခိုးငွေ့များ ရှူရှိုက်နေရသဖြင့် နှစ်စဥ်သေဆုံးခဲ့ရသူ နှစ်သန်းခန့်ရှိနိုင်

**နယူးယောက် စက်တင်ဘာ ၁၁**

ဆေးလိပ်မီးခိုးငွေ့များကို တစ်ဆင့်ခံ ရှူရှိုက်နေရခြင်းကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာအရ နှစ်စဥ် သေဆုံးနေကြရသူ အရေအတွက်မှာ နှစ်သန်းခန့်ထိရှိနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သူတစ်ပါးသောက်သုံးသည့် ဆေးလိပ်မီးခိုးငွေ့များကို ရှူရှိုက်နေကြရသူများတွင် နှလုံးရောဂါ ဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေ၊ အဆုတ်ရောဂါများနှင့် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာတတ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဆေးလိပ်မီးခိုးငွေ့ တစ်ဆင့်ခံ ရှူရှိုက်နေရသူ အရေအတွက်မှာ ၂ ဒသမ ၇၁ ဘီလီယံထိရှိကြောင်း သိရသည်။

ထို့ပြင် အထက်ပါတစ်ဆင့်ခံ ဆေးလိပ်မီးခိုးငွေ့ ရှူရှိုက်သူများ အနက် ၁ ဒသမ ၇ သန်းမှာ အသက် ဆုံးပါးခဲ့ကြရကြောင်း အမေရိကန် သုတေသနပညာရှင်များက တွက်ချက်ထားသည်။

၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဆေးလိပ်မီးခိုးငွေ့တစ်ဆင့်ခံရှူရှိုက်နေရသူများထဲတွင် အသက် ၁၄ နှစ်အောက်ကလေး ၇၆၇ သန်းထိ ပါဝင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# တိုက်တန်နိုဆောရပ်စ် ဒိုင်နိုဆောဥခွံကျောက်ဖြစ်ရုပ်ကြွင်းများကို လတ္တီတွဒ်အမြင့်ပိုင်းဒေသဖြစ်သော အာဂျင်တီးနားနိုင်ငံ၌ တူးဖော်တွေ့ရှိ

**အော့တဝါ စက်တင်ဘာ ၁၁**

တိုက်တန်နိုဆောရပ်စ် ခေါ် ကမ္ဘာ့အကြီးဆုံး ဒိုင်နိုဆောဥခွံကျောက်ဖြစ် ရုပ်ကြွင်းများကို လတ္တီတွဒ် အမြင့်ပိုင်းဒေသဖြစ်သော အာဂျင်တီးနားနိုင်ငံ၌တူးဖော်တွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဒိုင်နိုဆောဥခွံကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ တိုက်တန်နိုဆောရပ်စ်ဒိုင်နိုဆောများသည် အီကွေတာနှင့် အလှမ်းကွာဝေးပြီး ရာသီဥတုအေးမြသည့် လတ္တီတွဒ်အမြင့်ပိုင်းဒေသများ၌ သားပေါက်နိုင်စွမ်းရှိသည့်အပြင် ဥများကို အနွေးဓာတ်ပေးနိုင်မည့် နည်းလမ်းများလည်း ရှိထားပုံရကြောင်း ကနေဒါ သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။



ရှေးယခင်က တိုက်တန်နိုဆောရပ်စ်ဥများနှင့် ဥခွံကျောက်ဖြစ်ရုပ်ကြွင်းများကို အီကွေတာရပ်ဝန်းနှင့် နီးကပ်ပြီး ရာသီဥတုပူနွေးသော လတ္တီတွဒ်အနိမ့်ပိုင်းဒေသများ၌သာ တူးဖော်တွေ့ရှိခဲ့ရကြောင်း သိရသည်။

ကနေဒါ သိပ္ပံပညာရှင်များသည် အာဂျင်တီးနားနိုင်ငံတောင်ပိုင်း ချော်ရီလိုကျောက်လွှာနယ်မြေ၌ တိုက်တန်နိုဆောရပ် ဥခွံကျောက်ဖြစ်ရုပ်ကြွင်း ၂၅၅ ခုကို တူးဖော် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောဥခွံကျောက်ဖြစ်ရုပ်ကြွင်းများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၈ သန်းထိ ရှိပြီဖြစ်သည်ဟု ကနေဒါ သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ပူလောင်သည့်အရည်များ သောက်သုံးပါက အစာပြွန်ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် စက်တင်ဘာ ၁၁**

ပူလောင်သည့် အရည်များ သောက်သုံးပါက အစာပြွန် ကင်ဆာ (Oesophageal Cancer) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပူလောင်သည့်အရည်များ ပုံမှန်သောက်သုံးသူများသည် နွေးရုံမျှသာရှိသည့်အရည်များ သောက်သုံးသူများထက် အစာပြွန်ကင်ဆာရောဂါဖြစ်နိုင်ခြေ ၁ ဒသမ ၇ ဆ ပိုမိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် အလွန်ပူလောင်သည့် အရည်များ သောက်သုံးသူများသည် နွေးရုံမျှသာရှိသော အရည်များသောက်သုံးသူများထက် အစာပြွန်ကင်ဆာရောဂါ ဖြစ်နိုင်ခြေ သုံးဆခန့်ထိ ပိုမိုမြင့်မားလာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပူလောင်သည့်အရည်များကို တစ်ရက်လျှင် ခြောက်ခွက်နှင့်အထက် သောက်သုံးသူများသည် ခြောက်ခွက်အောက်သောက်သုံးသူများထက် အစာပြွန်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပိုမြင့်မားကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာချက်တွင် သောက်သုံးသည့် အရည်များ၏အပူချိန်များကို ဖော်ပြထားခြင်းမရှိပေ။

သို့ရာတွင် နိုင်ငံတကာ ကင်ဆာသုတေသန အေဂျင်စီ၏ ၂၀၁၆ ခုနှစ် လေ့လာချက်အရ အပူချိန် ၆၅ ဒီဂရီဆဲလ်စီယပ်ထိရှိသော အရည်များသောက်သုံးခြင်းကြောင့် ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ဟု ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ဂြိုဟ်တုနှစ်စင်း ကမ္ဘာ့လေထုလွှာထဲ ပြန်လည်ဝင်ရောက်လာမှုကို ဂျက်လေယာဉ်တစ်စင်းဖြင့် စောင့်ကြည့်လေ့လာခဲ့

**ပဲရစ် စက်တင်ဘာ ၁၁**

ဥရောပ အာကာသအေဂျင်စီ သိပ္ပံပညာရှင်များသည် ဂြိုဟ်တုနှစ်စင်း ကမ္ဘာ့လေထုလွှာထဲ ပြန်လည်ဝင်ရောက်လာမှုကို ဂျက်လေယာဉ်တစ်စင်းဖြင့် စောင့်ကြည့်လေ့လာခဲ့ကြကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့်ဂြိုဟ်တုများကြောင့် လေထုညစ်ညမ်းမှုအခြေအနေကို စောင့်ကြည့်ရန် ဥရောပ အာကာသအေဂျင်စီ သိပ္ပံပညာရှင်များက လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် ဂြိုဟ်တုများကို ဂျက်လေယာဉ်တစ်စင်းဖြင့် စောင့်ကြည့်ခဲ့ကြခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များ စောင့်ကြည့်ခဲ့ကြသည့် ဂြိုဟ်တုနှစ်စင်းမှာ တန်ဂို (Tango) နှင့် ဆမ်ဘာ (Sumba) အမည်ရှိ ဂြိုဟ်တု နှစ်စင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုနှစ်စင်းသည် ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်းနှင့် နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင်အမှုန်စီးကြောင်းများ အပြန်အလှန်ထိတွေ့မှုကို ၂၅ နှစ်ကြာ လေ့လာခဲ့ဖူးပြီးနောက် တန်ဂိုနှင့်ဆမ်ဘာဂြိုဟ်တုများ လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များသည် အဆိုပါ ဂြိုဟ်တုနှစ်စင်း လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာပြီးနောက် ၎င်းဂြိုဟ်တုနှစ်စင်း ပြိုကွဲချိန်တွင် မည်သည့် ဓာတုဒြပ်ပေါင်းများ စုစည်းလာတတ်သည်ကို လေ့လာခဲ့ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ချဲလ်ဆီးအသင်းမှ ပက်ဒရိုဆွတ်ခူး




**လန်ဒန် စက်တင်ဘာ ၁၁**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ချဲလ်ဆီးအသင်း တိုက်စစ်မှူး ပက်ဒရိုက ဆွတ်ခူးခဲ့ကြောင်း Premierleague.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လ တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် ပက်ဒရိုသည် အသင်းဖော်ကိုးလ်ပယ်မာ၊ မန်ယူအသင်းမှ ဖာနန်ဒက်၊ မန်စီးတီးအသင်းမှ ချာကီ၊ အာဆင်နယ်အသင်းမှ ကာလာဖီအိုရီ၊ ဘရန့်ဖို့ဒ်အသင်းမှ ဆန်ဂါရီ၊ ဟူးလ်စီးတီးအသင်း ဂိုးသမား ဇိုလာကစ်၊ နယူးကာဆယ်အသင်းမှ ဝုစ်ဆာတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပက်ဒရိုသည် ဩဂုတ်လအတွင်း ချဲလ်ဆီးအသင်းနှင့် ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်နှစ်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပက်ဒရိုသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့သည့်အတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလက ကိုးလ်ပယ်မာနောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်သည့် ချဲလ်ဆီးအသင်း ကစားသမားဖြစ်လာခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်လတာအကောင်းဆုံး ကစားသမားဆုဆွတ်ခူးနိုင်သည့် ခုနစ်ဦးမြောက် ဘရာဇီးကစားသမားလည်း ဖြစ်လာခဲ့ကြောင်းသိရသည်။

Ref : Premierleague.com

Trs : STA

## ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်ယူအသင်းတို့ အိမ်ကွင်းတွင် ဂိုးပြတ်နိုင်ပွဲကိုယ်စီရရှိ

**မန်ချက်စတာ စက်တင်ဘာ ၁၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ပွဲစဉ်များတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်ယူအသင်းတို့သည် အိမ်ကွင်းတွင် ဂိုးပြတ်နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)အဖြစ် ကစားခဲ့သည့် ဘိုင်ယန်မြူးနစ် အသင်းနှင့် ဘိုဒိုဂလင့်အသင်းတို့ ပွဲစဉ်၌ ပွဲချိန် ပထမပိုင်းတွင် နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်း၌ ပွဲချိန် ၄၇ မိနစ်တွင် မူစီအာလာ၊ ပွဲချိန် ၆၁ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၇၇ မိနစ်တွင် ဒေးဗီးစ်၊ ပွဲချိန် ၈၃ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီးအချိန်ပိုနှစ်မိနစ်တွင် အိုလီဆီတို့က ဘိုင်ယန်မြူးနစ် အသင်းအတွက် သွင်းဂိုးများ သွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

အလားတူ မန်ယူအသင်းကလည်းအိမ်ကွင်းတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက် ကစားခွင့်ရခဲ့သည့် အဇာဘိုင်ဂျန်ကလပ် ဆာဘတ်အသင်းနှင့် ကစားခဲ့ရာ လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်တွင် ကွန်ဟာ၊ ပွဲချိန် ၄၂ မိနစ်တွင် ဖာနန်ဒက်၊ ပွဲချိန် ၄၅ မိနစ်တွင် ဆက်ကို၊ ပွဲချိန် ၆၈ မိနစ်တွင် မာတီနက်ဇ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁) အခြားပွဲစဉ်များတွင် လန်းစ်အသင်းက စပါတာပရပ်အသင်းကို သုံးဂိုး နှစ်ဂိုး၊ ကိုမိုအသင်းက လိုက်ပ်ဇစ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြောင်းသိရသည်။

Ref : Fotmob

Trs : STA

## မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ဖယ်ကွန် အက်ဖ်စီအသင်း၊ သစ္စာအားမာန် အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဖယ်ကွန် အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် ကောင်းထက်၊ ပွဲချိန် ၈၇ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူပြီး ဖယ်ကွန်အက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်နှင့် မိနစ် ၅၀ တို့တွင် စိုင်းမြတ်မင်းက သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် စက်တင်ဘာ ၁၂ ရက်တွင် ISPE အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ချင်းလန်းအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

## Nakhon Sawan International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထွဋ်၊ သက်ထားသူဇာတို့အပါအဝင် ခြောက်ဦးပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Nakhon Sawan International Series ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့ အပါအဝင် ကစားသမားခြောက်ဦး ပါဝင်ယှဉ်ပြိုင်မည်ဟု Friends JP ကြက်တောင်ရိုက်ကလပ်က ယနေ့တွင် ကြေညာခဲ့ကြောင်းသိရသည်။

Nakhon Sawan International Series ကြက်တောင်ရိုက်ပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိန်းထွဋ်၊ သက်ထားသူဇာတို့နှင့်အတူ ဉာဏ်ရှိုင်းလင်း၊ ဖုန်းပြည့်နိုင်၊ ဖြိုးသူရိန်ကျော်၊ Lal Zuidika တို့လည်း ပါဝင်ကစားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများတွင် ဟိန်းထွဋ်၊ ဖုန်းပြည့်နိုင်၊ ဉာဏ်ရှိုင်းလင်း၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် သက်ထားသူဇာ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဖြိုးသူရိန်ကျော်၊ Lal Zuidika တို့က ပါဝင်ကစားမည်ဖြစ်သည်။

ဟိန်းထွဋ်သည် ပြီးခဲ့သည့် ဗီယက်နမ် အိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲဝင်ရောက်ကစားခဲ့ရာ ၁၆ ဦး ရှုံးထွက်အဆင့်ထိ တက်ရောက်ခဲ့သော်လည်း ဂျပန်ကစားသမား ကိုဂါကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်းသိရသည်။ STA

## တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့်ပွဲစဉ်ကို လာမည့် နိုဝင်ဘာ ၂၈ ရက်တွင်ထိုးသတ်ရန် ပြန်လည်ဆွေးနွေး

**လန်ဒန် စက်တင်ဘာ ၁၁**

အင်္ဂလန်လက်ဝှေ့သမား တိုင်ဆန်ဖြူရီက တစ်နိုင်ငံတည်းသား အန်သိုနီဂျိုရှုအာနှင့် လာမည့် နိုဝင်ဘာ၂၈ ရက်တွင် ထိုးသတ်ရန် ပြန်လည် ဆွေးနွေးနေကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖြူရီသည် ဟဲဗီးဝိတ်တန်းပွဲစဉ်အဖြစ် အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်ရန် အစောပိုင်းကတည်းက ဆွေးနွေးနေသော်လည်း စက်တင်ဘာ ၇ ရက်က ပြိုင်ပွဲကျင်းပမည့်နေရာနှင့် စာချုပ်ပါ အချက်အလက်များ ညှိနှိုင်းမှု အဆင်မပြေ ဖြစ်ခဲ့သည့်အတွက် ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်နှင့် ထိုးသတ်ရန် ဆွေးနွေးမည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။






သို့သော် ယခုအခါ တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့် လာမည့် နိုဝင်ဘာ ၂၈ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်မြို့ရှိ ပရိသတ် ဦးရေ ၈၀၀၀၀ ဝင်ဆံ့နိုင်သည့် Principality Stadium တွင် ထိုးသတ်ရန် ပြန်လည်ဆွေးနွေးနေကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှုအာနှင့်ထိုးသတ်ရန် မိမိဘက်မှ အသင့်ဖြစ်နေပြီဖြစ်ပြီး အန်သိုနီဂျိုရှုအာက မိမိနှင့် ထိုးသတ်လိုခြင်း မရှိသည့်အတွက် ကျင်းပမည့်နေရာကို အကြောင်းပြချက်ပေးနေသည်ဟု ဝေဖန်ခဲ့သည်။

လက်ရှိတွင် တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ ထိုးသတ်ရန် နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့ကြား ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပြီး အန်သိုနီဂျိုရှုအာ၏ Promoter ကိုယ်တိုင်က ဖြတိန်တွင် ထိုးသတ်ရန် သဘောတူညီမှုရရှိထားကြောင်းသိရသည်။

Ref : Source Boxing

Trs : STA

# AI နည်းပညာသုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံ ကုမ္ပဏီနှစ်ခု သဘောတူညီချက်လက်မှတ်ရေးထိုး



AI နည်းပညာသုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံ Kawasaki Heavy Industries ကုမ္ပဏီနှင့် AI Semiconductor နည်းပညာကုမ္ပဏီ EdgeCortix တို့နှစ်ရှည် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း Military AI သတင်းဌာနက စက်တင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကနဦးအစီအစဉ်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာရှိပြီး ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်ထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Studies)၊ စနစ်များပေါင်းစပ်တည်ဆောက်ခြင်း (System Integration) နှင့် ရှေ့ပြေးပလက်ဖောင်း (Prototype Platform) များ ဖွံ့ဖြိုးတည်ဆောက်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် Edge Artificial Intelligence Computing နည်းပညာကို အသုံးချခြင်းဖြင့် အနာဂတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ထောက်လှမ်းသိရှိနိုင်စွမ်း၊ အခြေအနေအလိုက် လိုက်လျောညီထွေပြောင်းလဲနိုင်စွမ်းနှင့် စစ်ဆင်ရေးခံနိုင်ရည် (Operational Resilience) တို့ကို မည်သို့မြှင့်တင်နိုင်မည်ကို လေ့လာသွားမည်ဖြစ်သည်။

Edge Cortix ကုမ္ပဏီသည် ၎င်း၏ Chiplet-based AI Computing Platform ဖြစ်သည့် MERA Compiler and Software Framework နှင့် ဆက်စပ် AI အရှိန်မြှင့်နည်းပညာများကို ပံ့ပိုးပေးမည်ဖြစ်သည်။

အဆိုပါစနစ်များသည် ဒေတာများ ထုတ်လုပ်ပေါပေါက်သည့် နေရာနှင့် စစ်ဆင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်သည့်နေရာအနီးတွင်ပင် AI လုပ်ငန်းစဉ်များကို တိုက်ရိုက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် လေကြောင်းအာကာသနှင့် ကာကွယ်ရေးစနစ်များတွင် သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအင်သုံးစွဲမှု၊ အပူထိန်းချုပ်မှု၊ စွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုဆိုင်ရာ တင်းကျပ်သည့် ကန့်သတ်ချက်များအတွင်း ထိရောက်စွာလည်ပတ်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

Kawasaki ကုမ္ပဏီကမူ လေကြောင်းအာကာသနှင့် ကာကွယ်ရေးစနစ်များကို ပေါင်းစပ်တည်ဆောက်ရာတွင် ရရှိထားသည့် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးမည်ဖြစ်သည်။ Kawasaki ကုမ္ပဏီသည် လေယာဉ်များ၊ အင်ဂျင်များ၊ မောင်းသူမဲ့စနစ်များ (Unmanned Systems) နှင့် အခြားကာကွယ်ရေးနည်းပညာများကို ဖွံ့ဖြိုးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

EdgeCortix ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဒေါက်တာ Sakyasingha Dasgupta က မျိုးဆက်သစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် လျှပ်စစ်စွမ်းအင်၊ အပူထိန်းချုပ်မှုနှင့် စစ်ဆင်ရေးဆိုင်ရာ ကန့်သတ်ချက်များအတွင်း AI တွက်ချက်လုပ်ဆောင်နိုင်စွမ်းကို အလွန်အမင်း လိုအပ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Kawasaki ကုမ္ပဏီ၏ နက်ရှိုင်းကျယ်ပြန့်သည့် Aerospace နှင့် Systems Engineering ကျွမ်းကျင်မှုများကို ကျွန်ုပ်တို့၏ Chiplet-based AI Architecture နှင့် MERA Software Platform တို့နှင့် ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ဉာဏ်ရည်မြင့်မားပြီး အခြေအနေအလိုက် လိုက်လျောညီထွေပြောင်းလဲနိုင်ကာ စွမ်းအင်ထိရောက်စွာ အသုံးချနိုင်သည့် Mission Systems များ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ရန် ရည်ရွယ်ကြောင်း Dasgupta က ပြောကြားခဲ့သည်။

**Kawasaki, EdgeCortix Sign Deal to Develop AI-Powered Aerial Defense ကို ဘာသာပြန်ဆိုထားပါသည်။**

# ယူကရိန်းက RAM-2X မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသ

ယူကရိန်းနိုင်ငံသည် RAM-2X မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ပြီး AI နည်းပညာ ထည့်သွင်းအသုံးပြုထားသည့် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်ဖြစ်ကာ စစ်မြေပြင်ပစ်မှတ် ၄၅၀ ကျော်ကို အောင်မြင်စွာ စမ်းသပ်တိုက်ခိုက်နိုင်ခဲ့ကြောင်း Military AI သတင်းဌာနက စက်တင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ Ukrspecsystems ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် X-Wingပုံစံ RAM-2Xမောင်းသူမဲ့လေယာဉ်သည် ကီလိုမီတာ ၁၈၀ အကွာအဝေးရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

RAM-2X မောင်းသူမဲ့လေယာဉ်သည် လေထဲတွင် နှစ်နာရီကျော် ပျံသန်းနိုင်ပြီး အလေးချိန် ၃ ဒသမ ၅ ကီလိုဂရမ်ရှိ ဖောက်ခွဲရေးပစ္စည်းထိပ်ဖူး (Warhead) ကို သယ်ဆောင်နိုင်သည်။

RAM-2X မောင်းသူမဲ့လေယာဉ်တွင် စစ်ဆင်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် AI Assistant Model အမျိုးမျိုးကို အသုံးပြုနိုင်သည့်အပြင် ရေဒီယိုလှိုင်းနှုန်းစဉ် (Radio Bands) အမျိုးမျိုး သို့မဟုတ် Space-X ကုမ္ပဏီ၏ Starlink ကွန်ရက်မှတစ်ဆင့် ဆက်သွယ်လုပ်ဆောင်နိုင်ကြောင်း သိရသည်။

RAM-2X မောင်းသူမဲ့လေယာဉ်သည် SHARK-M မောင်းသူမဲ့ကင်းထောက်လေယာဉ်နှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်သည်။ SHARK-M မောင်းသူမဲ့ ကင်းထောက်လေယာဉ်သည် ဆက်သွယ်ရေးအချက် ပြန်လွှင့်ပေးသည့် Communications Repeater အဖြစ် ဆောင်ရွက်ပေးနိုင်သည့်အပြင် ပစ်မှတ်သတ်မှတ်ပေးခြင်းနှင့် ရန်သူ၏အီလက်ထရွန်နစ်စစ်ဆင်ရေးကို ကျော်လွှားနိုင်ရန် တိုက်ခိုက်ရေးဒုန်းကို ကူညီပေးနိုင်ကြောင်း သိရသည်။

ပေါင်းစပ်ချဉ်းကပ်မှု မူအတိုင်း တိုက်ခိုက်ရေးစနစ်များကို အမျိုးအစားခွဲများစွာဖြင့် တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတီထွင်နေပြီး စနစ်များကြား တူညီသောအခြေခံအစိတ်အပိုင်းများ (Unified Nodes)၊ တူညီသည့် မြေပြင်ထိန်းချုပ်ရေးစခန်း (Common Ground Station) နှင့် ဆော့ဝဲတစ်ခုတည်း (Single Software) ကို အသုံးပြုထားကြောင်း သိရသည်။

RAM အုပ်စုဝင် မောင်းသူမဲ့လေယာဉ်များ စစ်မြေပြင်တွင် အသုံးပြုနေသည့် ဗီဒီယိုမှတ်တမ်းများသည် လူမှုကွန်ရက်များပေါ်တွင် ပျံ့နှံ့ခဲ့ပြီးဖြစ်သော်လည်း စစ်ကာလ လုံခြုံရေးကန့်သတ်ချက်များကြောင့် Ukrspecsystems ကုမ္ပဏီက ၎င်း မောင်းသူမဲ့လေယာဉ်များနှင့် ကုမ္ပဏီ၏ဆက်နွှယ်မှုကို ယခင်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

Ukrspecsystems ကုမ္ပဏီသည် ပိုလန်နိုင်ငံ၌ ကျင်းပသည့် MSPO ကာကွယ်ရေးပြပွဲတွင် RAM-2X မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသပြီးနောက် ၎င်း၏ စစ်မြေပြင်အသုံးပြုမှု ဗီဒီယိုမှတ်တမ်းများပါဝင်သည့် "X-archive" ကို စုစည်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။




ပထမအသုတ်အနေဖြင့် ထုတ်ပြန်သည့် ဗီဒီယိုမှတ်တမ်းများသည် ရုရှားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တိုက်ခိုက်မှုများ အဓိကဖော်ပြထားပြီး ယူကရိန်းတပ်မတော်ကလည်း အဆိုပါဗီဒီယိုများ ထုတ်ပြန်နိုင်ရေးအတွက် ပူးပေါင်းကူညီခဲ့ကြောင်း သိရသည်။

လေကြောင်းရန် ကာကွယ်ရေးစနစ်သို့မဟုတ် ရေဒါစနစ်တစ်ခုကို ဖျက်ဆီးနိုင်ခြင်းက အဓိကအချက်တစ်ရပ်ကို ပြသနေသည်။ အဆိုပါစနစ်သည် အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ရန်သူ၏ ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်ပြီး တိုက်ပွဲဆက်သွယ်ရေးမျဉ်း (Line of Contact) အလွန် နောက်ကျောထိ စစ်ဆင်ရေး လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

**Ukraine Reveals X-Wing Drone Combining AI, Starlink, and Aerial Scouts ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကောင်းမွန်သော စီမံအုပ်ချုပ်မှုအတွက် ထိရောက်အကျိုးရှိသော ဉာဏ်ရည်တု

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ယနေ့ခေတ်တွင်ဉာဏ်ရည်တုသည် အနာဂတ် ဆန်းသစ်တီထွင်မှုနှင့် ဆက်စပ်နေသော နည်းပညာ တစ်ခုဖြစ်လာသည်။ ထို့ပြင် အစိုးရများ မည်သို့စီမံ အုပ်ချုပ်ပုံ၊ အများပြည်သူဝန်ဆောင်မှုများ ပေးအပ် ပုံနှင့် နိုင်ငံသားများ၏ လိုအပ်ချက်များကို တုံ့ပြန်ပုံ တို့ကို တိုးတက်ကောင်းမွန်စေရန်အတွက် လက်တွေ့ ကျသော ကိရိယာတစ်ခု ဖြစ်လာနေသည်။ ကမ္ဘာ တစ်ဝန်းရှိ အစိုးရများသည် ဉာဏ်ရည်တု(AI) ကို စမ်းသပ်ခြင်းမှ အများပြည်သူအုပ်ချုပ်ရေး၊ မူဝါဒ ချမှတ်ခြင်းနှင့် နိုင်ငံသားဝန်ဆောင်မှုများတွင် ပေါင်းစပ်ခြင်းသို့ ပြောင်းလဲလာကြသည်။

နောက်ဆုံးအထောက်အထားများက ဤအသွင် ပြောင်းလဲမှု၏ အမြန်နှုန်းကို ပြသနေသည်။ စီးပွား ရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (Organization for Economic Cooperation and Development) (OECD )ဒစ်ဂျစ်တယ် အစိုးရအမြင် ၂၀၂၆ ခုနှစ်အရ AI ကို OECD နိုင်ငံ ၃၆ နိုင်ငံအနက် ၃၅ နိုင်ငံ သို့မဟုတ် ၉၇ ရာခိုင်နှုန်းတွင် အစိုးရ၏ အနည်းဆုံးနယ်ပယ်တစ်ခုတွင် အသုံးပြု လျက်ရှိသည်။ ၎င်းသည် နည်းပညာနှင့် အများ ပြည်သူအုပ်ချုပ်ရေးကြား ဆက်ဆံရေးတွင် အဓိက ပြောင်းလဲမှုတစ်ခုကို ကိုယ်စားပြုသည်။

ထို့ကြောင့် အစိုးရများသည် AI ကို အသုံးပြု သင့်၊ မသင့် မဟုတ်ဘဲ ပိုမိုကောင်းမွန်သောစီမံအုပ် ချုပ်မှုရရှိရန် မည်သို့တာဝန်သိစွာ အသုံးပြုနိုင်မည် နည်းဟု မေးခွန်းထုတ်စရာရှိလာသည်။

AI သည် အစိုးရကို ပိုမိုထိရောက်စွာ၊ တုံ့ပြန်မှု ကောင်းမွန်စွာ၊ ပွင့်လင်းမြင်သာစွာနှင့် လက်လှမ်း မီစွာ အသုံးပြုနိုင်ရန် အလားအလာရှိသည်။ လူ့ဆုံး ဖြတ်ချက်၊ ထိရောက်သော အဖွဲ့အစည်းများနှင့် သင့်လျော်သော ကာကွယ်မှုများ ပေါင်းစပ်လိုက် သောအခါ AI သည် နိုင်ငံသားဗဟိုပြု အစိုးရ ကဏ္ဍ(Citizen-Centred Public Sector) ကို ပိုမို တည်ဆောက်ရန်အတွက် အစွမ်းထက်သော ကိရိယာတစ်ခု ဖြစ်လာနိုင်သည်။

**ဒစ်ဂျစ်တယ်အစိုးရမှ ထက်မြက်သောအစိုးရ( Intelligent Government)သို့**

သမားရိုးကျအစိုးရအုပ်ချုပ်ရေးသည် စာရွက် စာတမ်းအမြောက်အမြား၊ထပ်ခါတလဲလဲလုပ်ဆောင် သော လုပ်ထုံးလုပ်နည်းများနှင့် သီးခြားအဖွဲ့အစည်း ဆိုင်ရာဒေတာဘေ့စ်များပေါ်တွင် မကြာခဏ မူတည်လေ့ရှိသည်။

ဤလုပ်ငန်းစဉ်များသည် အချိန်နှင့် အများပြည် သူဆိုင်ရာအရင်းအမြစ်များစွာကို သုံးစွဲနိုင်သည်။AI သည် ဤပုံစံကို ပြောင်းလဲရန် အခွင့်အရေးပေးသည်။

အစိုးရများသည် သတင်းအချက်အလက် အမြောက်အမြားကို ခွဲခြမ်းစိတ်ဖြာရန်၊ ပုံမှန် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အလိုအလျောက် လုပ်ဆောင်ရန်၊ ပုံစံများကို ဖော်ထုတ်ရန်၊ စာရွက် စာတမ်းများပြင်ဆင်ရန်နှင့် သက်သေအထောက် အထားအခြေခံဆုံးဖြတ်ချက်များချရာတွင် အရာရှိ များကို ပံ့ပိုးရန် AI ကို အသုံးပြုနိုင်သည်။ ၎င်းတို့၏ အချိန်အများစုကို ထပ်ခါတလဲလဲလုပ်ဆောင်ရာတွင် ကုန်ဆုံးမည့်အစား၊ အရပ်ဘက်ဝန်ထမ်းများသည် ရှုပ်ထွေးသောမူဝါဒပြဿနာများ၊ ပြဿနာဖြေရှင်း ခြင်းနှင့် နိုင်ငံသားများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ခြင်းတို့ကို ပိုမိုအာရုံစိုက်နိုင်သည်။

AI သည် အစိုးရကို အားကောင်းစေနိုင်သည့် အထူးအရေးကြီးသောနယ်ပယ်သုံးခုကို ဖော်ထုတ် သည်။ ၎င်းတို့မှာ ထုတ်လုပ်မှု၊ တုံ့ပြန်မှုနှင့် တာဝန်ခံမှု တို့ဖြစ်သည်။ AI သည် အစိုးရများကို နိုင်ငံသားများ ၏လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်စေ သော ဝန်ဆောင်မှုများကို ဒီဇိုင်းရေးဆွဲကူညီပေးပြီး အုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှုကို မြှင့်တင်နိုင် သည်ဟု OECD ကဖော်ပြသည်။

OECD ကဒစ်ဂျစ်တယ်အစိုးရမှ ထက်မြက်သော အစိုးရဟု ခေါ်ဆိုနိုင်သည့်စနစ်သို့ ကူးပြောင်းခြင်းကို အကြံပြုထားသည်။ ၎င်းသည်ကား မူဝါဒဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုမှ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းထိ မူဝါဒစက်ဝန်းတစ်ခုလုံးကို တိုးတက်ကောင်းမွန်စေရန် ဒေတာ၊ ဒစ်ဂျစ်တယ်




အခြေခံအဆောက်အအုံနှင့် AI တို့သည် အတူတကွ လုပ်ဆောင်သည့်စနစ်ဖြစ်သည်။

**AI စွမ်းရည်ဖြင့်ဆောင်ရွက်သောအများပြည်သူဝန် ဆောင်မှုများ**

စီမံအုပ်ချုပ်ရေးတွင် AI ၏ အထင်ရှားဆုံး အကျိုးကျေးဇူးများထဲမှတစ်ခုမှာ အများပြည်သူ ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစွာ ရယူအသုံးပြုနိုင် စေမည့် ၎င်း၏စွမ်းရည်ဖြစ်သည်။

AI-Powered Assistants များသည် တစ်နေ့လျှင် ၂၄ နာရီ သတင်းအချက်အလက်များ ပေးနိုင်သည်။ အစိုးရလုပ်ထုံးလုပ်နည်းများမှတစ်ဆင့် နိုင်ငံသား များကို လမ်းညွှန်ပေးနိုင်ပြီး ၎င်းတို့အရည်အချင်း ပြည့်မီနိုင်သည့် ဝန်ဆောင်မှုများကို ဖော်ထုတ်ရန် ကူညီပေးနိုင်သည်။ အစိုးရစနစ်များ ရှုပ်ထွေးနေ သည့်အခါ သို့မဟုတ် နိုင်ငံသားများသည် မတူညီ သောဌာနများကို လမ်းညွှန်ရန် အခက်အခဲရှိသည့် အခါ AI-Powered Assistants သည် အထူးအရေး ပါနိုင်သည်။

OECD သည် အများပြည်သူဝန်ဆောင်မှုဖော် ဆောင်ခြင်းတွင် AI အသုံးပြုမှု လျင်မြန်စွာ တိုးချဲ့ လာနေသည်။ ၎င်း၏ သုတေသနပြုချက်တွင် စကားပြောအထောက်အကူပြုသူများ (Conversational Assistants) မှ ဝန်ဆောင်မှုဒီဇိုင်းနှင့် ပေးအပ်ခြင်းကို ပံ့ပိုးပေးသည့်စနစ်များထိ အသုံးချမှု များကို မီးမောင်းထိုးပြထားသည်။

အထူးစိတ်ဝင်စားဖွယ်ကောင်းသော ဥပမာ အသစ်တစ်ခုမှာ တောင်ကိုရီးယားနိုင်ငံဖြစ်သည်။ ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် တောင်ကိုရီးယားအစိုးရ သည် နိုင်ငံသားများကို အဆင့်မြင့် Generative-AI ဝန်ဆောင်မှုများကို အခမဲ့ရယူနိုင်စေရန် ဒီဇိုင်းထုတ် ထားသော "အားလုံးအတွက် AI" အစီအစဉ်ကို ကြေညာခဲ့သည်။ AI စနစ်များကို အစိုးရဝန်ဆောင်မှု များနှင့် ချိတ်ဆက်ရန် စီစဉ်ထားသည်။ ဆေးဘက် ဆိုင်ရာချိန်းဆိုမှုများ စာရင်းသွင်းခြင်း၊ အိမ်ရာ အချက်အလက်များ ရယူခြင်းနှင့် အခွန်လမ်းညွှန်မှု ရယူခြင်းကဲ့သို့သော လုပ်ငန်းဆောင်တာများတွင် နိုင်ငံသားများကို ကူညီပေးသည်။ အသေးစားစီးပွား ရေးလုပ်ငန်းများသည် အခွန်တွက်ချက်ရန်နှင့် အစိုးရထောက်ပံ့မှု အစီအစဉ်များအတွက် အရည် အချင်းပြည့်မီမှုကို ဆုံးဖြတ်ရန် AI ကိုလည်း အသုံး ပြုနိုင်သည်။

ဤချဉ်းကပ်မှုသည် အရေးကြီးသော အယူအဆ တစ်ခုကို ကိုယ်စားပြုသည် AI သည် နိုင်ငံသားများ နှင့် အစိုးရအကြား တံတားတစ်စင်း ဖြစ်လာနိုင်သည်။

နိုင်ငံသားများကို ရှုပ်ထွေးသော ဗျူရိုကရေစီ ဖွဲ့စည်း ပုံများကို နားလည်ရန် အတင်းအကျပ်ပြုလုပ်မည့် အစား AI သည် အများပြည်သူဝန်ဆောင်မှုများနှင့် ပိုမိုသဘာဝကျပြီး အဆင်ပြေသောနည်းလမ်းဖြင့် ဆက်သွယ်နိုင်စေနိုင်သည်။

**အချက်အလက်မှတစ်ဆင့် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း**

ကောင်းမွန်သော စီမံအုပ်ချုပ်မှုသည် ကောင်းမွန် သော သတင်းအချက်အလက်ပေါ်တွင် များစွာမူတည် ပါသည်။ အစိုးရများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အခြေခံအဆောက်အအုံ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူမှုရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကြီးမားသော အချက်အလက်ပမာဏ အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်ကြ သည်။ AI သည် တာဝန်ရှိပုဂ္ဂိုလ်များကိုသမားရိုးကျ နည်းလမ်းများထက် ဤအချက်အလက်များကို ပိုမို မြန်ဆန်စွာ စီမံဆောင်ရွက်ရန် ကူညီပေးနိုင်သည်။

ဥပမာအားဖြင့် AI သည် ပေါ်ပေါက်လာသော လမ်းကြောင်းများကို ဖော်ထုတ်နိုင်သည်။ လူဦးရေ ဆိုင်ရာ ပြောင်းလဲမှုများကို ခွဲခြမ်းစိတ်ဖြာနိုင်သည်။ ပြည်သူ့အသုံးစရိတ်တွင် ပုံမှန်မဟုတ်သော ပုံစံများ ကို ရှာဖွေတွေ့ရှိနိုင်ပြီး မူဝါဒချမှတ်သူများကို မတူညီ သော အခြေအနေများကို အကဲဖြတ်ရန် ကူညီပေးနိုင် သည်။ ၎င်းသည် ပြည်သူ့အရင်းအမြစ်များ အရေး တကြီး လိုအပ်သည့်နေရာများကို ဖော်ထုတ်ရာတွင် လည်း ပံ့ပိုးပေးနိုင်သည်။

၎င်းသည် အယ်လဂိုရီသမ်များအနေဖြင့် မူဝါဒ ချမှတ်သူများကို အစားထိုးသင့်သည်ဟု မဆိုလိုပါ။ ၎င်းအစား AI သည် ဆုံးဖြတ်ချက်ချမှတ်သူများကို ပိုမိုကောင်းမွန်သော အထောက်အထားများ ပေးစွမ်း နိုင်သည်။ ထိုကဲ့သို့သော ချဉ်းကပ်မှုသည် အထောက် အထားအခြေခံ မူဝါဒချမှတ်ခြင်းကို အားကောင်း စေပြီး ပြောင်းလဲနေသော လူမှုရေးနှင့် စီးပွားရေး အခြေအနေများကို အစိုးရများက ပိုမိုမြန်ဆန်စွာ တုံ့ပြန်နိုင်ရန် ကူညီပေးနိုင်သည်။

**ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတိုးတက်စေခြင်း**

AI သည် ပိုမိုကောင်းမွန်သော တာဝန်ခံမှုအတွက် လည်း အထောက်အကူပြုနိုင်သည်။ အစိုးရအဖွဲ့ အစည်းများသည် ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့် ဝယ်ယူရေးဆိုင်ရာ အချက်အလက်များ အမြောက် အမြားကို ကိုင်တွယ်ကြသည်။ AI အခြေပြု ဆန်းစစ် လေ့လာသုံးသပ်မှုစနစ်များသည် ပုံမှန်မဟုတ်သော ငွေပေးငွေယူများကို ဖော်ထုတ်ရန်၊ အလားအလာ ရှိသော လိမ်လည်မှုများကို ရှာဖွေတွေ့ရှိရန်နှင့် နောက်ထပ်စုံစမ်းစစ်ဆေးမှု လိုအပ်သည့်နေရာများ ကို မီးမောင်းထိုးပြရန် ကူညီပေးနိုင်သည်။

OECD က AI သည် လိမ်လည်မှုများကို ရှာဖွေ တွေ့ရှိရန်နှင့် အစိုးရ၏ တာဝန်ခံမှုကို တိုးတက်စေရန် အတွက် အလားအလာရှိသော အသုံးချမှုများ ရှိ ကြောင်း မှတ်ချက်ပြုထားသည်။ ထို့ကြောင့် AI သည် အများပြည်သူဆိုင်ရာအရင်းအမြစ်များကို ကာကွယ် ရန်အတွက် နောက်ထပ်ကိရိယာတစ်ခု ဖြစ်လာနိုင် သည်။

သို့သော် ပွင့်လင်းမြင်သာမှုသည် AI ကိုယ်တိုင် အတွက်လည်း အသုံးချရမည်။ နိုင်ငံသားများသည် AI ကို အရေးကြီးသော အစိုးရလုပ်ငန်းစဉ်များတွင် အသုံးပြုသည့်အခါ AI သည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သည်နှင့် ဆုံးဖြတ်ချက်များအတွက် မည်သူက တာဝန်ရှိသည်ကို နားလည်နိုင်သင့်သည်။

ဤအခြေခံသဘောတရားသည် အရေးကြီး သည်။ အဘယ်ကြောင့်ဆိုသော် ထိရောက်သော အစိုးရသည် အလိုအလျောက်ကောင်းမွန်သောအစိုး ရမဟုတ်သောကြောင့်ဖြစ်သည်။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတွင် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် နိုင်ငံသားအခွင့်အရေးများကို လေးစား မှုတို့နှင့်အတူ ထိရောက်မှုတို့ လိုအပ်သည်။

**AI နှင့်အစိုးရလုပ်ငန်းများ၏ အနာဂတ်**

အလိုအလျောက်စနစ်သည် အစိုးရဝန်ထမ်းများ ကို အစားထိုးနိုင်သည်ဟူသော နားလည်နိုင်သော စိုးရိမ်မှုတစ်ခုရှိသည်။ ပိုမိုအပြုသဘောဆောင်သော ရှုထောင့်တစ်ခုမှာ AI သည် အစိုးရကဏ္ဍလုပ်ငန်း ဆောင်တာများ၏ သဘောသဘာဝကို ဖယ်ရှားပစ် မည့်အစား ပြောင်းလဲနိုင်ခြင်းဖြစ်သည်။

စင်စစ်ပုံမှန်အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင် တာများကို AI က အလိုအလျောက်လုပ်ဆောင်နိုင် သော်လည်း လူသားဝန်ထမ်းများသည် စာနာမှု၊ ဆုံးဖြတ်ချက်ချမှု၊ ညှိနှိုင်းမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ကျင့်ဝတ်ဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှုတို့ လိုအပ် သည့် တာဝန်ဝတ္တရားများကို အာရုံစိုက်နိုင်သည်။

ဤအချက်က AI အသုံးပြုရန်အသင့်ရှိသော အစိုးရဝန်ထမ်းများတွင် ရင်းနှီးမြှုပ်နှံမှုကို အထူး အရေးကြီးစေသည်။ အစိုးရများသည် AI ကို ထိရောက်စွာအသုံးပြုလိုပါက သင့်လျော်သော ကျွမ်းကျင်မှု၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်နှင့် လေ့ကျင့်မှုများ လိုအပ်ကြောင်း OECD က အလေး ပေးပြောကြားခဲ့သည်။

ထို့ကြောင့် အနာဂတ်အစိုးရဝန်ထမ်းသည် သမားရိုးကျအစိုးရအုပ်ချုပ်ရေးဆိုင်ရာ အသိပညာ နှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု နှစ်မျိုးလုံးကို ပိုမို လိုအပ်လာမည်ဖြစ်သည်။ AI စာတတ်မြောက်မှု ( AI Literacy)သည် ခေတ်မီ အစိုးရကဏ္ဍ ပရော်ဖက်ရှင် နယ် ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသင့်သည်။

ဆက်လက်ဖော်ပြပါမည်။

# လွှန် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၁၁**

လွှန် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ စက်တင်ဘာ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အောင်ချမ်းသာက ရေးသားထားပြီး ဒါရိုက်တာ နေပိုင်က ကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကောင်းဆုံးပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"မုံကတော့ ဒီဇာတ်ကားထဲမှာ ဆောင်းသဇင် ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ကိုယ်က မြို့ကနေ ပုဂံမြို့ကိုသွားပြီးတော့ အချစ်ကို ရှာဖွေတွေ့ရှိသွားတဲ့သူ နေရာကသေချာသရုပ်ဆောင်ထားပါတယ်။ ဒါရိုက်တာ ကိုနေပိုင်နဲ့က ဟိုအရင် ဗီဒီယိုကားတွေရိုက်ပြီးနောက် အခုမှ ရုပ်ရှင်ဇာတ်ကားကြီးမှာပထမဆုံးအကြိမ် ပြန်လည်ဆုံတွေ့တဲ့ကားလို့ ပြောလို့ရပါတယ်။ ဒီကားက ပရိသတ်တွေကြိုက်နှစ်သက်မဲ့ ဖခင်မေတ္တာတရားကို အကောင်းဆုံးပုံဖော်ထားတဲ့ကားပါ။ ကိုမြင့်မြတ်ရဲ့ ဒရာမာကားစစ်စစ်ကို မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြသည်။

လွှန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ တိုင်ရွှန်၊ ရဲအောင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဇော်ဦး၊ ထူးသာ၊ ထူးပြည့်အောင်၊ အာလူး၊ ဒိုပေါက်၊ ခတ်ဗူး၊ ရွှေတိုး၊ ဝင့်ယမုံနိုင်၊ သံသာမိုးသိမ့်၊ ခင်မို့မို့အေး၊ ဂျူးဂျူးဇော်၊ အေးပြည့်ဝေ၊ ခြူးခြူး၊ ခိုင်သဇင်၊ စျာန်လေးမာန်၊ မနှင်းဝေ၊ ကလေးသရုပ်ဆောင် သူရိန်ထက်အောင်၊ ရဲရဲအိန္ဒြေသွန်းဆက်၊ ဆုမွန်အောင်(မင်းနန်သူ)နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# No Paradise If You Are Killed by a Woman ကို ၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲအတွက် အီရတ်ရွေးချယ်ထား

**ဘဂ္ဂဒက် စက်တင်ဘာ ၁၁**

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား အော်စကာဆုအတွက် အီရတ်နိုင်ငံက No Paradise If You Are Killed by a Woman ဇာတ်ကားကို ရွေးချယ်ထားကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

No Paradise If You Are Killed by a Woman ဇာတ်ကားကို နော်ဝေနိုင်ငံသား ကာ့လူမျိုး ဒါရိုက်တာ ဟောကွပ်မူစတာဖာက တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ညီမဖြစ်သူကို အိုင်အက်စ်အကြမ်းဖက်အုပ်စုလက်မှ ကယ်တင်ရန် ကြိုးပမ်းခဲ့သည့် ကာ့အမျိုးသမီးလက်ဖြောင့် သေနတ်သမားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် အက်ရှင်ဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို လာမည့် သီတင်းပတ်အတွင်း ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်၊ ထရေစီတို့၏ မိုးညတေးဂီတဖျော်ဖြေပွဲကို Yangon Social F&B, Music, Kids Playground တွင် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်၊ ထရေစီတို့၏ မိုးညတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F&B, Music, Kids Playground ၌ စက်တင်ဘာ ၂၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စည်သူလွင်ထံမှ သိရသည်။

တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်၊ ထရေစီတို့၏ မိုးညတေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးညလို့ ကြားလိုက်တာနဲ့ တစ်ချိန်ကအတိတ်တွေကို လွမ်းဆွတ်ရမဲ့ညအဖြစ် မြင်ယောင်လာကြမှာပါ။ ကျွန်တော်တို့ သုံးယောက်ကို စင်မြင့်ထက်မှာ အတူတူတွေ့ရမယ်ဆိုတာနဲ့ ဘယ်သီချင်းတွေ ကြားယောင်နေပြီလဲ။ ကျွန်တော်တို့ သုံးယောက်နဲ့ အတူတူ မိုးညတွေဆီသွားဖို့ Daily Gita Band က အကောင်းဆုံး တီးခတ်ပေးမှာမို့ ရင်ထဲစွဲငြိနေတဲ့ တေးသွားတွေကို အတူတူလိုက်ဆိုဖို့ စက်တင်ဘာ ၂၆ ရက်ညကို အရောက်လာဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။




တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်၊ ထရေစီတို့၏ မိုးညတေးဂီတဖျော်ဖြေပွဲကို Yangon Social F&B, Music, Kids Playground ၌ စက်တင်ဘာ ၂၆ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Arbeit und Struktur ဇာတ်ကား၌ မင်းသမီး စန်ဒရာဟော်လာ ပါဝင်မည်

**ဘာလင် စက်တင်ဘာ ၁၁**

Arbeit und Struktur အမည်ရှိ ဂျာမနီဒရာမာဇာတ်ကားတွင် မင်းသမီး စန်ဒရာဟော်လာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

မင်းသမီး စန်ဒရာဟော်လာသည် Project Hail Mary ဇာတ်ကားနှင့် Anatomy of a Fall ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

Arbeit und Struktur ဇာတ်ကားကို ဂျာမန်အမျိုးသမီး ဒါရိုက်တာ မာရီယာရှရာဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် ကမ္ဘာကျော် ဂျာမန်စာရေးဆရာနှင့် အနုပညာရှင် ဝုဂန်းဟားဒေါ့၏ ကိုယ်ရေးမှတ်တမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Arbeit und Struktur ဇာတ်ကားအတွက် ဇာတ်ညွှန်းကို မာရီယာရှရာဒါက ဇာတ်ညွှန်းရေးဆရာ ဟွမ်းဘာ့နှင့် ပူးတွဲရေးသားထားပြီး အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၇ ခုနှစ် အစောပိုင်းတွင် စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# သရုပ်ဆောင် နေတိုး၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

သရုပ်ဆောင်နေတိုး၏ မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို စက်တင်ဘာ ၁၀ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခြင်းကို သရုပ်ဆောင်နေတိုး၏ အသက် ၄၅ နှစ်ပြည့် မွေးနေ့အလှူအဖြစ် နှစ်ဖက်သောမိဘများနှင့်အတူ နေတိုးနှင့်ဇနီးသဲစုမြတ်ရွှေ၊ သား ဂုဏ်ရှိန်တိုးတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ မွေးနေ့မှာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးမှာ ငွေကျပ်သိန်း ၅၀ ကို ဆေးပဒေသာပင်အတွက် မတည်အလှူအဖြစ် လှူဒါန်းဖြစ်ပါတယ်။ ဤကောင်းမှုအစုစုကို ခုနှစ်ရက်သားသမီးတွေအားလုံး ကုသိုလ်အမျှရရှိကြစေဖို့ ပေးဝေလိုက်ပါတယ်"ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

သရုပ်ဆောင် နေတိုးသည် မြန်မာ့ရုပ်ရှင်လောကတွင် ထင်ရှားအောင်မြင်သည့် ထိပ်တန်းမင်းသားတစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် မိုးညအိပ်မက်မြူ ရုပ်ရှင်ဇာတ်ကား၊ ၂၀၁၅ ခုနှစ်တွင် နက္ခတ်မှားတဲ့တိုက်ပွဲ ရုပ်ရှင်ဇာတ်ကား၊ ၂၀၁၇ ခုနှစ်တွင် တာတေကြီး ရုပ်ရှင်ဇာတ်ကား၊ ၂၀၂၄ ခုနှစ်တွင် နှောင် ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုတို့ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် Star Awards ဆု၊ ၂၀၁၉ ခုနှစ်တွင် Myanmar Pride Award ဆုများကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrives in Cambodia to pay a State Visit



President U Min Aung Hlaing being seen off at Nay Pyi Taw Airport on his departure for Cambodia.



President U Min Aung Hlaing being welcomed at Techo International Airport in Phnom Penh, Cambodia.

**Nay Pyi Taw September 11**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing left Nay Pyi Taw Airport by a special flight this morning to pay a State Visit to Cambodia at the invitation of His Majesty King Preah Bat Samdech Preah Boromneath Norodom Sihamoni of Cambodia.

President U Min Aung Hlaing and his delegation were seen off at the airport by Vice President U Nyo Saw, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, and officials of Cambodian Embassy in Myanmar and Military Attaché Office.

The President was accompanied by union ministers U Tin Maung Swe, Dr Kan Zaw and U Maung Myint, Mandalay Region Chief Minister U Myo Aung, Mon State Chief Minister U Aung Win Than, senior military officers from the Office of the Commander-in-Chief, deputy ministers and officials.

During the visit, the President of Myanmar will meet with the President of the Senate (Acting Head of State) of Cambodia and hold bilateral talks, meet with the Prime Minister of Cambodia and the President of the National Assembly of Cambodia and will hold cordial discussion and exchange views on further consolidation of the existing friendly relations, promotion of mutually beneficial cooperation between the two governments, parliaments and peoples, as well as cooperation across economic, cultural, and various other sectors. Furthermore, the itinerary includes visits to prominent sites and ancient pagodas.

The President and his delegation arrived at Techo International Airport in Phnom Penh, Cambodia at 10.40am local time and were wholeheartedly welcomed by senior officials of the Cambodian government led by H.E. Mr. THOR Chetha, Minister of Water Resources and Meteorology of Cambodia, Cambodian Ambassador to Myanmar H.E. Mr. CHENG Manith, Myanmar Ambassador to Cambodia U Kyaw Soe Min, Myanmar Military Attaché (Army, Navy and Air) Brig-Gen Zaw Win, and families of the embassy and military attaché office.

During the welcoming ceremony, the guard of Honour by taking positions on both sides of the red carpet and giving a salute, a Cambodian girl by presenting bouquets, and the Cambodian people by holding the photos of President U Min Aung Hlaing and His Majesty King Preah Bat Samdech Preah Boromneath Norodom Sihamoni and waving bouquets warmly welcomed the President and delegation.

MNA

# Yinmabin District to plant more than 10,000 acres of black gram this year

**Yinmabin September 11**

According to the district Agriculture Department, local farmers make arrangements to grow more than 10,000 acres of black gram as cold season crops in Yinmabin District of Sagaing Region this year.

During the 2026-2027 winter crop cultivation season, the target area for black gram cultivation in Yinmabin District is 10,501 acres, comprising 610 acres in Yinmabin Township, 112 acres in Kani Township, 6,710 acres in Salingyi Township and 3,069 acres in Pale Township.

"This year, more than 10,000 acres of black gram cultivation is planned in Yinmabin District during the winter crop cultivation season. We will make arrangements to ensure that the targeted acreage of black gram is achieved. During the black gram cultivation period, we will also conduct field activities to provide farmers with the necessary agricultural techniques, quality seeds and methods for preventing and controlling pests and diseases," said Daw Sandar Moe, Head of the Yinmabin District Agriculture Department.

The Township Agriculture Departments in Yinmabin District will provide farmers cultivating black gram with guidance on obtaining quality and pure seeds suitable for local conditions, adopting proper cultivation methods, preventing pest infestations, applying fertilizers systematically and improving crop yields.

During this year's winter crop cultivation season, the respective Township Agriculture Departments are cooperating with farmers to provide quality and pure seeds, agricultural inputs, post-harvest technologies and other necessary assistance to improve the yield and quality of various pulse crops.

206

# 35 dead, 54 missing in Philippine vessel fire

**Manila September 11**

Rescuers recovered 30 bodies on Friday from a ferry that caught fire in Palawan province of the Philippines on Wednesday, bringing the total death toll to 35, with 54 people still missing, said the Philippine Coast Guard (PCG).


Footage released by the PCG shows the passenger ferry heavily charred, with ashes and burnt metal visible at the scene. Local media reported that 43 people have survived the fire.

The ferry departed Manila and caught fire near waters off Coron Municipality, a well-known tourist destination. According to the passenger manifest, 134 people, including 117 passengers and 17 crew members, were listed on board. Two passengers later told authorities they did not embark.

Ferry is a frequent mode of transport across the Philippine archipelago. Due to bad weather, poor vessel maintenance, and weak enforcement of safety regulations, maritime accidents from time to time.

Xinhua

# On behalf of His Majesty King of Cambodia Norodom Sihamoni, Samdech Hun Sen, Acting Head of State of Cambodia and President of the Senate, welcomes President U Min Aung Hlaing and holds meeting



**President U Min Aung Hlaing holds a meeting with Samdech Hun Sen, Acting Head of State of Cambodia and President of the Senate.**

**Nay Pyi Taw September 11**

At the invitation of His Majesty King Norodom Sihamoni of Cambodia, President of the Republic of the Union of Myanmar U Min Aung Hlaing, who is on a State Visit to Cambodia, was accorded a ceremonial welcome and held talks with Samdech Hun Sen, Acting Head of State of Cambodia and President of the Senate, on behalf of His Majesty the King at the Senate's Solidarity Palace in Phnom Penh at 11:30 am local standard time today.

The ceremony was also attended by Union ministers U Tin Maung Swe, Dr Kan Zaw and U Maung Myint, Mandalay Region Chief Minister U Myo Aung, Mon State Chief Minister U Aung Win Than, senior military officers from the Office of the Commander-in-Chief, deputy ministers and officials who accompany the President. The Acting Head of State of Cambodia and President of the Senate was accompanied by ministers from the Cambodian government and senior officers.

As the high-level Myanmar delegation led by the President departed from their hotel for the Solidarity Palace at the Senate of Cambodia, Cambodian people and schoolchildren warmly welcomed them along both sides of the route by waving the flags of the two countries, photographs of the two leaders and bouquets, while Scout youth saluted them.

President U Min Aung Hlaing arrived at the venue where the ceremonial welcome was to be held, where Samdech Hun Sen, Acting Head of State of Cambodia and President of the Senate, warmly welcomed and greeted him. The President of Myanmar and the Acting Head of State of Cambodia and President of the Senate took the salute of the Guard of Honour. Meanwhile, the military band plated the national anthens of the two countries.

President of Myanmar U Min Aung Hlaing inspected the Guard of Honour. The Myanmar President and the Acting Head of State of Cambodia and President of the Senate, introduced the senior officials from the two countries to each other. The Myanmar President and the Acting Head of State of Cambodia and President of the Senate posed for a documentary photograph.

Afterwards, the Myanmar President and the Acting Head of State of Cambodia and President of the Senate held a meeting at the Puthi Chey Hall.

In his speech, the Acting Head of State of Cambodia and President of the Senate stated that he warmly welcomed the high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing, expressing his great pleasure at meeting the President again after having met him on previous occasions. He said that, as His Majesty the King of Cambodia was currently on a visit abroad, he was welcoming and honouring the President of Myanmar on behalf of His Majesty. He expressed great pleasure and pride that a general election had been successfully held in Myanmar and that the elected government was now discharging the responsibilities of the State. He said that Cambodia had also sent delegations to observe the election and had found it to be a free and fair election. He added that he had sent a message congratulating the President on his election as President. He said that Cambodia had been witnessing Myanmar's current development and expressed his belief that the President's State Visit would provide an opportunity to further promote trade and cooperation between the two countries. He also said that, during the meeting, the two sides would hold candid and cordial discussions aimed at further strengthening the friendship and cooperation between Myanmar and Cambodia.

In response, the President of Myanmar expressed his great pleasure at meeting His Excellency again and conveyed his greetings to His Majesty the King and Her Majesty the Queen of Cambodia, who are currently abroad. He also asked His Excellency to convey his gratitude for the invitation to visit Cambodia. The President said that this was his second visit to Cambodia and his first State-level official goodwill visit since assuming the responsibilities of President of Myanmar. Upon his arrival, he noted the remarkable development of Phnom Penh and the pleasant conditions in Cambodia. He praised His Excellency for his unwavering perseverance, dedication and efforts to develop the country to its present level, and said that he was proud of him. He expressed his sincere gratitude for the congratulatory message sent by His Excellency on his assumption of the office of President. He also expressed his appreciation for His Excellency's continued brotherly support for Myanmar and his keen interest in developments in Myanmar. He said that he particularly appreciated Cambodia's assistance, under His Excellency's guidance, in providing emergency funds for Myanmar's relief efforts following natural disasters in 2025. As His Excellency served as Prime Minister of Cambodia, when Cambodia assumed the rotating chairmanship of ASEAN, he always remembers with gratitude how Cambodia extended positive support and assistance to Myanmar as a true friend. He expressed his belief that this meeting with His Excelency, as President of the Senate of Cambodia and Chairman of the Supreme Privy Council, an important pillar of Cambodia's legislative system, will provide an opportunity for them to hold frank and cordial discussions on ways to further promote friendship, mutual understanding and trust, and cooperation between the legislative bodies of the two countries.




**President U Min Aung Hlaing shakes hands with Samdech Hun Sen, Acting Head of State of Cambodia and President of the Senate.**

The two sides then held candid and cordial discussions and exchanged views on the long-standing and cordial diplomatic relations between the two countries; the fact that although Myanmar and Cambodia do not share a common border, they have close religious, traditional and cultural ties and maintain good relations; the mutual support extended by Myanmar and Cambodia at the regional and international levels; the continued improvement of relations not only between government institutions but also between the two armed forces and peoples of the two countries; the possibility of reactivating mechanisms such as the Joint Commission for Bilateral Cooperation (JCBC) to further promote multifaceted cooperation between the two countries; the potential for achieving significant success through investment in Myanmar, particularly as the Dawei Deep Sea Port and Special Economic Zone are being implemented and have promising prospects for the future; the possibility of reciprocal visits to enhance cooperation between the two parliaments;

*See Page 14*

# President U Min Aung Hlaing holds talks with Cambodian Prime Minister Samdech Hun Manet



**President U Min Aung Hlaing holds talks with Cambodian Prime Minister Samdech Hun Manet.**

**Nay Pyi Taw September 11**

President of the Republic of the Union of Myanmar U Min Aung Hlaing, who is on a State Visit to Phnom Penh, Cambodia, held bilateral talks with Cambodian Prime Minister Samdech Hun Manet at the meeting room of the Office of the Prime Minister of Cambodia at the Peace Palace at 4:20 pm local time today.

On arrival at the Office of the Cambodian Prime Minister at the Peace Palace, where the bilateral meeting will be held, the Cambodian Prime Minister welcomed the President of Myanmar and posed for a documentary photo, followed by a bilateral meeting.

Also present at the meeting were Union ministers, the Mandalay Region chief minister, the Mon State chief minister, senior military officers from the Office of the Commander-in-Chief, deputy minsiters, the Myanmar Ambassador to Cambodia and officials. The Cambodian Prime Minister was accompanied by senior officers from the Cambodian government, the Cambodian Ambassador to Myanmar and officials.

First, the Cambodian Prime Minister warmly welcomed the high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing. He noted that President U Min Aung Hlaing had visited Cambodia once in 2017 and that Myanmar was a trusted country of Cambodia. He also expressed his appreciation for the assistance and support extended by the President when Cambodia served as ASEAN Chair. He expressed his belief that today's bilateral talks would provide an opportunity to discuss and promote cooperation between the two countries in trade, investment and various other sectors.

The President of Myanmar He expressed his pride at monitoring Cambodia's economic development and the systematic and modern urban development of Phnom Penh. He extended his profound thanks for the relief supplies and humanitarian assistance provided to the people of Myanmar with humanitarian compassion and as a true friend following the devastating 2025 Mandalay earthquake for rescue and rehabilitation efforts. He also expressed his heartfelt gratitude to the Cambodian side for sending a special representative to attend his oath-taking ceremony as President and for Prime Minister Samdech Hun Manet's congratulatory message on his election as President. He further expressed his appreciation for the Cambodian National Election Committee's dispatch of representatives as observers to the first and third phases of Myanmar's election. He thanked Cambodia for its continued support for the positive developments in Myanmar and firmly stated that, during his tenure as President, he would make every effort to further strengthen and advance cooperation between Cambodia and Myanmar.

The two sides then cordially exchanged views the current state of efforts to further promote friendship and cooperation between the two countries; mutual support and solidarity on the international front; and opportunities to enhance cooperation in the defence and security, trade, manufacturing, investment, micro, small and medium-sized enterprises (MSMEs), tourism, religious and cultural affairs, education, and employment sectors. They also discussed Myanmar's effective efforts to combat and eliminate online scams and online gambling, as well as Cambodia's efforts to eradicate such activities; developments and changes taking place in Myanmar; close cooperation within ASEAN; and plans to further strengthen cooperation with regional countries in the political, economic and social sectors. They also emphasized Myanmar's continued commitment to its friendly relations with Cambodia and its determination to remain a reliable and good friend of Cambodia.

The signing and exchange ceremony for agreements and memoranda of understanding between the Republic of the Union of Myanmar and the Kingdom of Cambodia was held. At the ceremony, the Agreement between the Republic of the Union of Myanmar and the Kingdom of Cambodia for the Promotion of Investments, the Agreement for the Avoidance of Double Taxation, the Agreement on Cultural Cooperation, and the Memorandum of Understanding on Cooperation in Information were signed and exchanged by the respective Union Ministers and responsible officials of the two countries in the presence of President U Min Aung Hlaing and Prime Minister of the Kingdom of Cambodia Samdech Hun Manet.

After the meeting, the Cambodian Prime Minister frankly saw off the President. MNA

---

*From Page 13*

the full pamrticipation of Myanmar and Cambodia in regional cooperation mechanisms such as Mekong-Lancang, CLMV and ACMECS; and Myanmar's role as Chair of ACMECS meetings this year. In this regard, Myanmar is prioritizing the socioeconomic development of the peoples of the region and sustainable development in line with the theme, "Promoting Socioeconomic Development and Building a Modern and Sustainable ACMECS Region." They also exchanged views on Myanmar's efforts to make the best possible contribution to ASEAN; plans to further promote cooperation between the two countries in various sectors, including trade and investment, agriculture and livestock breeding; Myanmar's effective efforts to eliminate online financial fraud and online gambling; Myanmar's successful holding of a fair and dignified election and its efforts to firmly advance the country along the democratic path through Hluttaws comprising people's representatives who will practically implement the people's wishes and a democratically elected government, while also striving to achieve internal peace; and the new government's pursuit of an independent, active and non-aligned foreign policy, its efforts to further strengthen existing bonds of friendship and cordiality with neighbouring and partner countries, and its continued promotion of regional interests in a balanced manner and also exchanged views openly and cordially on further strengthening friendship and cooperation between the two countries.

Subsequently, the Myanmar high-level delegation led by the President attended a luncheon hosted in honour of the President by the Acting Head of State of Cambodia and President of the Senate at the Aha Phirom Hall.

First, the Acting Head of State of Cambodia and President of the Senate delivered welcoming remarks, followed by a response of thanks from the President of the Republic of the Union of Myanmar.

The President and the guests then enjoyed the luncheon together.

Before and during the luncheon, a Cambodian cultural troupe performed traditional songs and dances of both countries.

After the luncheon, the President was warmly seen off by the Acting Head of State and President of the Senate of Cambodia.


MNA

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with President of the National Assembly of Cambodia



President U Min Aung Hlaing holds talks with Mrs. Samdech Khuon Sundary, President of the National Assembly of Cambodia.

**Nay Pyi Taw September 11**

U Min Aung Hlaing, President of the Republic of the Union of Myanmar, who is currently on a goodwill visit to Phnom Penh, Cambodia, met and held talks with H.E. Mrs. Samdech Khuon Sundary, President of the National Assembly of Cambodia, at 5:00 p.m. local time today in the meeting hall of the National Assembly Building of Cambodia.

Upon arrival at the venue, the President was warmly welcomed by the President of the National Assembly of Cambodia, and both leaders posed for an official documentary photograph.

The bilateral meeting then convened. Accompanying the President were delegation members including Union Ministers, the Chief Minister of Mandalay Region, the Chief Minister of Mon State, senior military officers from the Office of the Commander-in-Chief of Defence Services, Deputy Ministers, and other officials. Parliamentary officials accompanied the President of the National Assembly of Cambodia.

During the meeting, both sides cordially exchanged views on the close, friendly partnership shared by Myanmar and Cambodia, rooted in shared histories, cultural traditions, religious faiths, struggles for national independence, and efforts toward domestic peace and stability. They noted the strong historical tradition of friendship cultivated across successive generations of leadership and highlighted the signing of bilateral agreements and Memoranda of Understanding on friendship and cooperation during the current visit. Discussions also touched upon Myanmar's conduct of a free and fair multiparty democratic general election and the elected administration's continued efforts toward national development. Both sides addressed Cambodia's past dispatch of election observer missions to Myanmar, with the Cambodian Parliament expressing pride and congratulations over the successful conduct of the election. Furthermore, the two leaders discussed political developments in Myanmar, plans to share legislative and oversight experiences between their respective parliaments, and ongoing efforts to strengthen inter-parliamentary cooperation through the Myanmar-Cambodia Parliamentary Friendship Association. The talks concluded with discussions on Myanmar's priority focus on enhancing ties with neighbouring nations, ASEAN member states, and regional partners, initiatives to advance the roles of women and youth in Myanmar, and the ongoing commitment to bolstering mutual friendship and cooperation between both nations.

Following the discussion, the President and the President of the National Assembly of Cambodia took a joint commemorative photograph with senior delegates from both countries.

The President of the National Assembly of Cambodia then warmly saw off the Myanmar President. MNA

# President of Republic of Union of Myanmar U Min Aung Hlaing pays tributes at Independence Monument, bell-shaped memorial housing statue of King Father Norodom Sihanouk in Phnom Penh

**Nay Pyi Taw September 11**

On his goodwill visit to Phnom Penh, Cambodia, President of the Republic of the Union of Myanmar U Min Aung Hlaing paid tribute at the Independence Monument and the bell-shaped memorial housing a statue of King Father Norodom Sihanouk in Phnom Penh by laying condolence wreaths at 3.10 pm local time this afternoon.

First, the high-level Myanmar delegation led by the President arrived aat the Independence Monument and was frankly greeted by Deputy Prime Minister and National Security Minise H.E. Mr. TEA Seiha and senior officials.

Then, the President took the salute of the guard of honor and paid tribute by laying a condolence wreath carried by two wreath bearers at the Independence Monument.

Afterward, the President and delegation members arrived at the bell-shaped memorial housing a statue of King Father Norodom Sihanauk and were greeted by officials of the Ministry of Royal Affairs of Cambodia.

Then, the President paid tribute to the statue of King Father Sihanouk by laying a condolence wreath.

In commemoration of gaining independence from rule in 1953, the construction of the monument started in 1958 and inaugurated in 1962. In the park to the east of the monument, a statue of Independence Leader King Father Norodom Sihanouk, who passed away in 2012, was erected in 2013. During their diplomatic trips, heads of state paid tribute to independence heroes by laying condolence wreaths at the monument and laid tribute wreaths to the statue of Father King Sihanouk housed under the bell-shaped memorial, which was built side by side with the monument, in an exclusive succession.

MNA



President U Min Aung Hlaing lays a wreath and pays tribute at the bell-shaped memorial housing a statue of King Father Norodom Sihanauk.

**အဆွေတော်၏ မြန်မာနိုင်ငံအပေါ် ညီရင်းအစ်ကိုပမာစိတ်ဖြင့် အစဉ်တစိုက်အားပေးထောက်ခံမှုများနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အထူးအလေးထားစိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိ၊ မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေးမဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များတိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်လိမ့်မည်ဟုယုံကြည် . . .**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော်(Solidarity Palace)၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တည်းခိုရာဟိုတယ်မှ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော်သို့ထွက်ခွာရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကမ္ဘောဒီးယားနိုင်ငံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူလေးများက နှစ်နိုင်ငံအလံများ၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဓာတ်ပုံများနှင့်ပန်းစည်းများ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း၊ ကင်းထောက်လူငယ်မောင်မယ်များက အလေးပြု၍လည်းကောင်း ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့်အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့သည်အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှအဆင့်မြင့်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးကြပြီး နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့သည် ငြိမ်းချမ်းရေးနန်းတော်(Puthi Chey Hall)၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့်အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ကမ္ဘောဒီးယားနိုင်ငံက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကတည်းက တွေ့ဆုံမှုများရှိခဲ့ပြီး ယခုကဲ့သို့ အဆွေတော်နှင့်ထပ်မံတွေ့ဆုံရသည့်အတွက်လည်း များစွာဝမ်းမြောက်ပါကြောင်း၊ မိမိတို့ ဘုရင်မင်းမြတ်အနေဖြင့် ပြည်ပသို့ခရီးစဉ်ရောက်ရှိနေသဖြင့် မိမိမှဒုင်း၏ကိုယ်စား အဆွေတော်ကို ယခုကဲ့သို့ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရက နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ်တွင်လည်း မိမိတို့အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင်လည်း မိမိတို့ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များကို စေလွှတ်ခဲ့ပြီး လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်ကိုလေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ အဆွေတော်ကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့မှုအပေါ်လည်း မိမိအနေဖြင့် ဂုဏ်ယူပါကြောင်းနှင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကိုလည်း ပေးပို့ခဲ့ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့အနေဖြင့် မြင်တွေ့နေရပါကြောင်း၊ ယခုအဆွေတော်၏ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်အတွင်း

# ယခု အဆွေတော်၏ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်အတွင်း ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်၊ ယခုတွေ့ဆုံဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးဆောင်ရွက်သွားမည် . . .

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့်
အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ပြည်ပသို့ ရောက်ရှိနေသည့် အဆွေတော်တို့၏ ဘုရင်မင်းမြတ်နှင့် မယ်တော်မိဖုရားကြီးကိုလည်း နှုတ်ခွန်းဆက်သပါကြောင်းနှင့် ခရီးစဉ်ဖိတ်ကြားမှုအတွက်လည်းကျေးဇူးတင်ရှိသည်ကို အဆွေတော်မှတစ်ဆင့်စကားပါးလိုပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်သည့် ခရီးစဉ်ဖြစ်သည့်အပြင် မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်သည့် ပထမဆုံးသောခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ရောက်ရှိချိန်တွင် ဖနောင်ပင်မြို့၏အံ့သြဖွယ်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘောဒီးယားနိုင်ငံ၏သာယာမှုကို သတိပြုမိပါကြောင်း၊ အဆွေတော်၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လနှင့် နိုင်ငံကို ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း ဆောင်ရွက်မှုများအတွက်လည်း ချီးကျူးပါကြောင်းနှင့် အဆွေတော်အတွက် ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ မြန်မာနိုင်ငံအပေါ် ညီရင်းအစ်ကိုပမာစိတ်ဖြင့် အစဉ်တစိုက်အားပေးထောက်ခံမှုများနှင့် မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများအပေါ် အထူးအလေးထားစိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အဆွေတော်၏လမ်းညွှန်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက အရေးပေါ်ရန်ပုံငွေပေးပို့ကူညီခဲ့သည်ကို အထူးပင်ကျေးဇူးတင်အမှတ်ရနေပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်ပြီး မိတ်ဆွေကောင်းပီသစွာ ဖေးမကူညီခဲ့သည့်အတွက် အမြဲကျေးဇူးတင်အမှတ်ရလျက်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ဥပဒေပြုရေးတွင် အရေးပါသည့်မဏ္ဍိုင်တစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌဖြစ်သူ အဆွေတော်နှင့်တွေ့ဆုံပြီး မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေးမဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးရှည်လျားကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်နိမိတ်များထိစပ်နေသည့် နိုင်ငံများမဟုတ်ကြသော်လည်း ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအရ တူညီသည့်ဆက်နွှယ်မှုများရှိပြီး နှစ်နိုင်ငံဆက်ဆံမှုများကောင်းမွန်လျက်ရှိမှု အခြေအနေများ၊မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံလျက်ရှိမှု အခြေအနေများ၊အစိုးရအဖွဲ့အစည်းများကြား သာမက တပ်မတော်နှစ်ရပ်ကြားနှင့် ပြည်သူများကြားတွင်လည်း ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် (Joint Commission for Bilateral Coop-eration-JCBC)ကဲ့သို့ ယန္တရားများကို ပြန်လည် စတင်ဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊မြန်မာနိုင်ငံတွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်အတွက် အလားအလာကောင်းများရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက ကြီးမားသည့် အောင်မြင်မှုများရရှိလာနိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး အပြန်အလှန်ခရီးစဉ်များ ဆောင်ရွက်သွားနိုင်သည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် မဲခေါင်-လန်ချန်း၊ CLMV နှင့် ACMECS တို့ကဲ့သို့သော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုယန္တရားများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ACMECS အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုကာလအတွင်း "လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ACMECS ဒေသတည်ဆောက်စို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဒေသတွင်းရှိပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများပပျောက်စေရေး ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီးသိက္ခာရှိသည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌက ငြိမ်းချမ်းရေးနန်းတော်(Aha Phirom Hall)၌တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာတေးသီချင်းများ၊ အကအလှုများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား နိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ၏ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌတို့တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကိုပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများကြား၊ လွှတ်တော်များကြားနှင့် ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H. E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H. E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံး မိသားစုဝင်များက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ကမ်း၍လည်းကောင်း၊ ကမ္ဘောဒီးယားပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများကိုင်ဆောင်ပြီး ပန်းစည်းများဝှေ့ယမ်း၍ လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ကြိုဆိုနှုတ်ဆက်စဉ်။

PPIB News



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန်အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၂-၉-၂၀၂၆ ရက်နေ့မှ ၁၅-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



**ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ် တိုးတက်မှုများကို အစဉ်တစိုက်ထောက်ခံပေးသည့်အတွက် ကျေးဇူးတင်၊ ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်ခိုင်မာလာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ကို အခိုင်အမာ ပြောကြားလို. . .**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ ယနေ့နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံကြား ကုန်သွယ်ရေး ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်. . .**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့၏ရှေ့မှောက်၌ နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ အသီးသီးလက်မှတ်ရေးထိုးကြစဉ်။

☆ ကျောဖုံးမှအဆက်

(Peace Palace)ရှိ အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး(Peace Palace)သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကိုကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆိုပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် သမ္မတကြီးအနေဖြင့် တစ်ကြိမ် လာရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် အဆွေတော်၏ ကူညီဆောင်ရွက်ပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည် ဆွေးနွေးပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖနောင်ပင်မြို့၏ မြို့ပြစနစ်တကျ ခေတ်မီတိုးတက်လာမှုများကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မြန်မာပြည်သူများအပေါ် လူသားချင်းစာနာထောက်ထားသည့်စိတ်၊ မိတ်ဆွေကောင်းပီသသည့်စိတ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိ၏နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံမှ အထူးကိုယ်စားလှယ် စေလွှတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခြင်းခံရမှုအပေါ် အဆွေတော်ထံမှဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲ ပထမပိုင်းနှင့် တတိယပိုင်းကို ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များကို လေ့လာသူအဖြစ် စေလွှတ်ပေးသည့်အတွက် အသိအမှတ်ပြုဝမ်းမြောက်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် ထောက်ခံပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည့်အချိန်တွင် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်ခိုင်မာလာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ကို အခိုင်အမာ ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံကြား ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) ကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု များပပျောက်စေရေး ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှုနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရအနေဖြင့်လည်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ် တိုးတက်ပြောင်းလဲလျက်ရှိမှု၊ အာဆီယံ အဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်း ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ များ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယား နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ကို အလေးထားပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်း နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား သဘောတူစာချုပ် များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနား ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်နိုင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ အခွန်နှစ်ထပ် ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ်၊ ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် နှင့် ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးနားလည်မှု စာချွန်လွှာတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူ များက ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့၏ ရှေ့မှောက်၌ အသီးသီးလက်မှတ်ရေးထိုး အပြန်အလှန်လဲလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

**ထူးခြားသည့် နေ့အပူချိန်များ**
( ၁၁ - ၉ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်အဆောက်အအုံသို့ ရောက်ရှိရာ ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှည်လျားသည့် ရာဇဝင်သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကြိုးပမ်းတည်ဆောက်ခဲ့ရမှုများ စသည်ဖြင့်တူညီကြပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများဖြစ်မှု အခြေအနေ၊ နှစ်နိုင်ငံသည် မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး သမိုင်းအစဉ်အလာကြီးမားကာ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှုများရှိခဲ့ကြသည့် အခြေအနေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရအဖွဲ့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်က ကမ္ဘောဒီးယားနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ကမ္ဘောဒီးယား လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ဥပဒေပြုရေးနှင့်ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်ကြား ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီး လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်လာအောင် အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့်လူငယ်များ၏အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေနှင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်အရာရှိကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူ့ပန်းခွေချ အလေးပြု


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လွတ်လပ်ရေးကျောက်တိုင်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဝန်ကြီး H.E. Mr. TEA Seiha နှင့် အဆင့်မြင့်အရာရှိကြီးများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွမ်းသူ့ပန်းခွေကို သယ်ဆောင်ကာ လွတ်လပ်ရေးကျောက်တိုင်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်သို့ရောက်ရှိကြရာ ကမ္ဘောဒီးယားနန်းတွင်းရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုရှေ့တွင် လွမ်းသူ့ပန်းခွေချ၍ အလေးပြုခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပြင်သစ်အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိခဲ့ခြင်းကို အထိမ်းအမှတ်ပြုရန်အတွက် လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကျောက်တိုင်၏ အရှေ့ဘက်ပန်းခြံအတွင်း ခေါင်းလောင်းပုံစံမဏ္ဍပ်ကြီးအောက်တွင် ၂၀၁၂ ခုနှစ်က နတ်ရွာစံခဲ့သည့် လွတ်လပ်ရေးခေါင်းဆောင်ကြီး ခမည်းတော်ဘုရင် သီဟာနု(Norodom Sihanouk) ရုပ်တုကြီးကို ၂၀၁၃ ခုနှစ်က ဆောက်လုပ်ထားရှိကြောင်း၊ နိုင်ငံခြားအကြီးအကဲများ၏ သံတမန်ရေးရာခရီးစဉ် အစီအစဉ်များတွင် လွတ်လပ်ရေးကျောက်တိုင်၌ လွတ်လပ်ရေးသူရဲကောင်းများကို ဂုဏ်ပြုပန်းခွေချပြီး ယှဉ်လျက်ရှိသော သီဟာနုဘုရင်ကြီး၏ ရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်တွင် ဘုရင်ကြီးအား အရိုအသေပေးသည့်ပန်းခွေကို သီးသန့်အစဉ်လိုက် သွားရောက်ချကြလေ့ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

# ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်



**နေပြည်တော် စက်တင်ဘာ ၁၁**

ဒစ်ဂျစ်တယ် အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် အမျိုးသားရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ်ခံယူပြီး တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားကြရန် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့တွင် ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပသည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဌာနများအနေဖြင့် လက်ရှိလုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်ပုံစံပြောင်းလဲ၍ ပြည်သူများကို One-Stop Service ပေးအပ်နိုင်ရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ခြင်းအားဖြင့် အစိုးရ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့်အပြင် ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်ကိုးစားမှုကိုလည်း ပိုမိုမြင့်မားလာစေမည် ဖြစ်ကြောင်း၊ အစိုးရကထုတ်ပြန်သည့် Data Set များကို ပြည်သူများ၊ လုပ်ငန်းရှင်များက တစ်နေရာတည်းမှ လွယ်ကူစွာရရှိ အသုံးပြုနိုင်စေရန် Open Government Data စနစ်ကိုလည်း တည်ဆောက်သွားမည်ဖြစ်ပြီး နိုင်ငံ၏ Data-driven Inno-vation ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ Data Center၊ Core Network စသည့် ICT Infrastructure များနှင့် Electronic Document Man-agement System (EDMS) ကဲ့သို့သော Common and Shared Digital Plat-form များကို အစိုးရတစ်ရပ်လုံးအတွက် စံစနစ်တစ်ခုတည်းဖြင့် တစ်ပြေးညီ အသုံးပြုသွားရန်ဖြစ်ကြောင်း၊ EDMS စနစ်ကို အသုံးပြုခြင်းဖြင့် Paperless စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လက်ရှိ EDMS စနစ်ကို နည်းပညာနှင့် လုံခြုံရေးအစီအမံများ အဆင့်မြှင့်တင်ခဲ့ပြီးဖြစ်သဖြင့် အစိုးရဌာနများအားလုံး တစ်ပြေးညီ အသုံးပြုသွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသော e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေသော e-Government လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**


ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်းရှောင်ဟုန်နှင့်အဖွဲ့ကိုတွေ့ဆုံပြီး နှစ်နိုင်ငံကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လျန်ယွင်ကန်မြို့ရှိ Haizhou Bay-view၊ Conference Center ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲနှင့် ဖိုရမ်သို့တက်ရောက်ခဲ့သည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း အပြန်အလှန်ဆက်နွယ်မှု မြင့်တက်လာခြင်းနှင့်အတူ နယ်စပ်ဖြတ်ကျော် လုံခြုံရေးခြိမ်းခြောက်မှုများအပေါ် နိုင်ငံစုံနှင့် နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေးချဉ်းကပ်မှုသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး ငါးရပ်၊ နိုင်ငံများ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်မှုများအပေါ် အခြေခံထားကြောင်း၊ တရုတ်နိုင်ငံ၏ ဘက်စုံကျယ်ပြန့်ပြီး ရေရှည်တည်တံ့သော လုံခြုံရေးမျှော်မှန်းချက်ဖြစ်သည့် Global Se-curity Initiative (GSI) ကို ကြိုဆိုထောက်ခံကြောင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နယ်စပ်ဒေသဆိုက်ဘာလိမ်လည်မှု (Online Scam) ကွန်ရက်များကိုဖြိုခွဲနိုင်ခဲ့ခြင်း၊ တရားမဝင်ဆက်သွယ်ရေးပစ္စည်းများ သိမ်းဆည်းနိုင်ခဲ့ခြင်းစသည့် လက်တွေ့ကျသော ရလဒ်များရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ နိုင်ငံဖြတ်ကျော်မှုခင်းများကို အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

စက်တင်ဘာ ၁၀ ရက်တွင် ဆက်သွယ်ရေးစနစ်နှင့် အင်တာနက်အသုံးပြုလိမ်လည်မှုတိုက်ဖျက်ရေး နိုင်ငံတကာမဟာမိတ်အဖွဲ့ စတင်တည်ထောင်သည့် အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး Haizhou Bayview၊ Conference Center အတွင်းရှိ ပြည်သူ့လုံခြုံရေးဆိုင်ရာ နည်းပညာပြပွဲကို သွားရောက်လေ့လာခဲ့သည်။




ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်များရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၁၃၂ ကေဗွီ လှိုင်ကော်ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့်လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၁၃၂ ကေဗွီ လှိုင်ကော်ပင်မဓာတ်အားခွဲရုံရှိ ဆီယိုစိမ့်မှုဖြစ်ပေါ်နေသော ပင်မထရန်စဖော်မာကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ အချိန် ခြောက်နာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာ၏ Protection Relay အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန် နှစ်နာရီကြာခန့် ယာယီ ဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်ကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) ခရီးစဉ်လာရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းအား အိန္ဒိယလေတပ်မှ Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဘုရင့်နောင်ရိပ်သာတွင် ဂါရဝပြုတွေ့ဆုံစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် အိန္ဒိယလေတပ်မှ Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်ကြား အရာရှိကြီးများအဆင့် အလုပ်သဘော ခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) လာရောက်သည့် အိန္ဒိယလေတပ်မှ အရှေ့ပိုင်းလေတပ်ဌာနချုပ်မှူး Air Marshal Inderpal Sing Walia ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ပြီး လေတပ်စခန်းဌာနချုပ်မှူးက ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အိန္ဒိယ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံရာ နှစ်နိုင်ငံလေတပ်နှစ်ရပ်ကြားချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့ကြပြီး Park Royal Hotel ၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အလုပ်သဘောနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ခရီးစဉ်အတွင်း အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ နေပြည်တော်ကောင်စီနယ်မြေရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြပြီး ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေး၊ ဇဗ်ဗားရှားဂူဗိမာန်နှင့်အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗြဝ)

# ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ကြစဉ်။

အဆိုပါ ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျှောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗြဝ)


**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ကြား “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး




**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ကြား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects- QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ငါးစောင် လက်မှတ်ရေးထိုးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur၊ ပထမအတွင်းဝန် Mr. Amit Shreeansh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲတွင် နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှ ပထမအတွင်းဝန် Mr. Amit Shreeansh တို့က လက်မှတ်ရေးထိုးကြပြီး မီဒီယာသင်ကြားရေးစင်တာ တည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနကလည်းကောင်း၊ လျှပ်စစ်ဓာတ်အားမရရှိသည့်ကျေးလက်ဒေသများအတွက် နေရောင်ခြည်စွမ်းအင်သုံး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်းကောင်း၊ ဗဟိုသင်တန်းကျောင်းတွင် သင်ကြားရေးကိရိယာများအဖြစ် အသုံးပြုရန် ဆောက်လုပ်ရေးစက်ယန္တရားမောင်းနှင်လေ့ကျင့်ရေးစက်နှင့် အင်ဂျင်ပုံစံငယ်ဖြတ်ပိုင်းဝယ်ယူခြင်း စီမံချက်နှင့် ဗဟိုသင်တန်းကျောင်းတွင် အသုံးပြုရန် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများအတွက် လေ့ကျင့်သင်ကြားရေး သင်ထောက်ကူပစ္စည်းဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ မာန်အောင်ရတနာဘုရားထိန်းသိမ်းခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်းကောင်း လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

အဆိုပါစီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၄၀၆၈ ရှိပြီး စီမံချက်များအကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ယခုလက်မှတ်ရေးထိုးသည့် QIP စီမံချက် ငါးခုအပြင် နောက်ထပ်စီမံချက်ငါးခုကိုလည်း အိန္ဒိယနိုင်ငံအစိုးရက အကူအညီပေးအပ်မည်ဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်း QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၉ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၉ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်ကြသည့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်တောင်သူများ သာယာဝပြောရေးဝန်ကြီးဌာန ဝန်ကြီး H.E Shivraj Singh Chouhan နှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး H.E. Francisco P. Tiu-Laurel, Jr.တို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်က အတည်ပြုခဲ့သည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး ASEAN Ministers on Agriculture and Forestry (AMAF) ထုတ်ပြန်ချက်တွင် ပါဝင်သည့် ကမ္ဘာ့မသေချာမရေရာမှုများကြား၌ စားရေရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များကို ကောင်းမွန်စေရေးအတွက် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများက အမြင်သဘောထားများ၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပထဝီနိုင်ငံရေးနှင့် စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ရာသီဥတုဆိုင်ရာ အနှောင့်အယှက်များ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စားရေရိက္ခာနှင့်စိုက်ပျိုးရေးသွင်းအားစုဈေးကွက်များ၏ မတည်ငြိမ်မှုများမှ သက်ရောက်လာမည့်အကျိုးဆက်များအပေါ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် အဆက်မပြတ်စီးဆင်းမှုကို မြှင့်တင်နိုင်ရေးအတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးတို့ကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဆွေးနွေးမှုများမှ ၉ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်မူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့ပြင် ၁၀ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို ၂၀၂၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားရန်၊ ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသို့ အသိပေးအကြောင်းကြားသွားရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားသာယာဝပြောရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အာသံဒေါင်းတောင်းတက္ကသိုလ်တို့ကြား ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးနားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ရေး၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာငါးခုနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့အတူ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် သုတေသနဆိုင်ရာကောင်စီမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ တွေ့ဆုံဆွေးနွေးခြင်း၊ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လေ့လာရေးအစီအစဉ်အရ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသနသနဆိုင်ရာ တက္ကသိုလ်ရှိ ဖန်လုံအိမ်ဖြင့် စိုက်ပျိုးခြင်းနည်းပညာဆိုင်ရာဗဟိုဌာနတွင် အာဟာရရည် အပြန်အလှန်လည်ပတ်စီးဆင်းစေသော မြေမပါဘဲ ရေနှင့်အာဟာရရည်ဖြင့်သာ ဆီးချိုကျန်းမာရေးအတွက် အသုံးဝင်သော အင်ဆူလင်ပင်ကို စိုက်ပျိုးသည့် ခေတ်မီနည်းပညာ၊ လူးဆပ်စိုက်ခင်း၊ ဘာစမာတီစပါးခင်းအပါအဝင် အထွက်နှုန်းကောင်းမွန်စေရေး သုတေသနပြုစိုက်ပျိုးထားသည့် စိုက်ခင်းများ၊ အပင်များ၏ ရုပ်ပိုင်းဆိုင်ရာ ၊ ဇီဝကမ္မဗေဒဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ လက္ခဏာရပ်များ (Phenotypes)ကို စနစ်တကျတိုင်းတာဆန်းစစ်သည့် အဆင့်မြင့်သုတေသနစင်တာ၊ အပင်အမျိုးမျိုး၏ မျိုးရိုးဗီဇများကို ထိန်းသိမ်းထားသည့် မျိုးစေ့ဘဏ်တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ထူးချွန်စစ်သည်တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် လူရည်ချွန်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ထူးချွန်ကျောင်းသားတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ထူးချွန်ကျောင်းသားတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



**နေပြည်တော် စက်တင်ဘာ ၁၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် (အရပ်သား)ဝန်ထမ်းများ၏ သားသမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် စစ်ကြေရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ခန်းမ၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသိရိခန်းမ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌လည်းကောင်း အသီးသီး ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက

**စာမျက်နှာ ၂၅ သို့**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

---




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ထူးချွန်ကျောင်းသား တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ထူးချွန်ကျောင်းသား တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဇော ထူးချွန်ကျောင်းသူ တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေး ထူးချွန်ကျောင်းသူ တစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



**စာမျက်နှာ ၂၄ မှအဆက်**


ဂုဏ်ပြုအမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကို ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသား၊ ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များကို ဂုဏ်ပြုလက်ဖက်ရည်တို့ဖြင့် တည်ခင်းဧည့်ခံပြီး အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်သူ့စစ်မှုထမ်းဂုဏ်ပြု "တောစီးဖိနပ်လေးရဲ့ အိမ်ပြန်ချိန်" ဇာတ်လမ်းအား ထုတ်လွှင့်သွားမည်

ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးသည့် လူငယ်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ပြီးနောက် ကိုယ်ခန္ဓာနှင့်စိတ်ခတ်ကြံ့ခိုင်မှုအပြည့်ဖြင့် ပြောင်းလဲတိုးတက်လာပုံများ၊ တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် အမိန့်နာခံတတ်မှုနှင့် သစ္စာစောင့်သိမှု၊ ရဲဘော်အချင်းချင်းထားရှိသည့် စွန့်လွှတ်အနစ်နာခံမှုများကို ဖော်ကျူးရိုက်ကူးထားသည့် ပြည်သူ့စစ်မှုထမ်းဂုဏ်ပြု **"တောစီးဖိနပ်လေးရဲ့ အိမ်ပြန်ချိန်"** ဇာတ်လမ်းကို ၁၂-၉-၂၀၂၆ ရက်(ယနေ့)တွင် အောက်ဖော်ပြပါ ရုပ်မြင်သံကြားလိုင်းများမှ ယှဉ်တွဲပါအချိန်များအတိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်- မြဝတီ

| စဉ် | Channel အမည် | ထုတ်လွှင့်မည့်အချိန် |
|---|---|---|
| ၁ | MWD HD | ၁၉:၀၀ နာရီ၊ ၂၀:၀၀ နာရီသတင်းအပြီး |
| ၂ | MWD Variety HD | ၁၉:၀၀ နာရီ ၊ ၂၀:၀၀ နာရီသတင်းအပြီး |
| ၃ | MRTV HD | ၁၉:၀၀ နာရီမှ၂၀:၀၀ နာရီကြား ၊ ၂၀:၀၀ နာရီသတင်းအပြီး |
| ၄ | MRTV-Entertainment | ၁၉:၀၀ နာရီ |
| ၅ | Channel 7 | ၁၉:၀၀ နာရီ |
| ၆ | Up to Date | ၁၉:၀၀ နာရီ |
| ၇ | YTV | ၁၉:၀၀ နာရီ |
| ၈ | Shwe Nadi Shwe Yi | ၁၉:၀၀ နာရီ |
| ၉ | Readers | ၁၉:၀၀ နာရီ |
| ၁၀ | Channel K | ၁၉:၂၄ နာရီ |
| ၁၁ | Channel 24 | ၁၉:၃၆ နာရီ |
| ၁၂ | Fortune | ၂၀:၀၀ နာရီ |
| ၁၃ | M Channel | ၂၀:၀၀ နာရီ |
| ၁၄ | Uni TV | ၂၀:၁၅ နာရီ |
| ၁၅ | MRTV-4 | ၂၁:၀၀ နာရီ |
| ၁၆ | မဟာရုပ်သံလိုင်း | ၂၂:၃၀ နာရီ |
| ၁၇ | Hey Play Sports | ဘောလုံးပွဲ Live အပြီး |






❖ ဂျူဒိုပြိုင်ပွဲမှ

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ အမျိုးသား (+၆၃၊ -၆၀၊ -၇၃) ကီလိုတန်းနှင့် အမျိုးသမီး(-၇၃၊ -၆၃၊ +၇၃)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကယားပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား(+၆၃၊ -၆၀၊ -၇၃)၊ အမျိုးသမီး (-၇၃၊ -၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အသင်းကလည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ကရင်ပြည်နယ်အသင်းကလည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရှမ်းပြည်နယ်အသင်းက လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အမျိုးသမီးအားကစား သမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ အိချစ်ဆုစံ၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဝေလင်းထွေး၊ အမျိုးသမီးတစ်ဦးချင်း (-၄၂)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိချစ်ဆုစံ(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် ကြည်လဲ့လဲ့ထွန်း(ရှမ်း)၊ တတိယဆုရရှိသည့် ယွန်းနဒီစံ(ဧရာဝတီ)၊ ပူးတွဲတတိယဆုရရှိသည့် ခေါင်နန်း (ကချင်)၊ အမျိုးသမီးတစ်ဦးချင်း (-၅၂) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် နှင်းဝတ်မှုံလွင်(ဧရာဝတီ)၊ ဒုတိယဆုရရှိသည့် မေဇင်ဖြိုး(ကချင်)၊ တတိယဆုရရှိသည့် နန်းစန္ဒာဦး(ကရင်)၊ ပူးတွဲတတိယဆုရရှိသည့် ခင်သူဇာ အောင်(ရှမ်း)၊ အမျိုးသားတစ်ဦးချင်း (-၄၂) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ဝေယံလင်း(ရန်ကုန်)၊ ဒုတိယဆု ရရှိသည့် မင်းသန့်ကျော်(ကရင်)၊ တတိယ ဆုရရှိသည့် ဟိန်းထက်အောင်(နေပြည် တော်)၊ ပူးတွဲတတိယဆုရရှိသည့် ဆင်မြူရယ် နော်ဇက်အောင်(ကချင်) တို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက Tro- phy၊ တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားတစ်ဦးချင်း (-၅၀)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခိုင်ခန့်(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် စောလင်းလက် ကြယ်စင်(ကရင်)၊ တတိယဆုရရှိသည့် အောင်ရဲထွေး(မန္တလေး)၊ ပူးတွဲတတိယ ဆုရရှိသည့် ဂျူနီယာခေါင်လွမ်း(ကချင်) တို့ကို အားကစားနှင့်ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး က တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသား ဆုများကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသ ကြီးအသင်း၊ တတိယဆုရရှိသည့် ကရင် ပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိ သည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ရှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား ရရှိသည့် ကချင်ပြည်နယ်အမျိုးသမီး အသင်းတို့ကို အားကစားရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးညီညီက တစ်ဦး ချင်းဆုတံဆိပ်၊ ငွေသားဆုများ၊ တံခွန်စိုက် ဆုဖလားတို့ကိုလည်းကောင်း ပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားနှင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်းဆုတံဆိပ် ၁၁ ခုဖြင့် စုပေါင်း တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ရန်ကုန် တိုင်းဒေသကြီးအသင်းကို တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းမောင်က တံခွန်စိုက် ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးကို အထောက်အကူဖြစ်စေရေး၊ မျိုးဆက်သစ် လူငယ်ဂျူဒိုအားကစား သမားများပေါ်ထွက်လာစေရေးနှင့် မြန်မာ့ ဂျူဒိုအားကစားအဆင့်အတန်းပိုမိုတိုးတက် မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ အားကစားရုံ(C)၌ ပြိုင်ပွဲကာလ လေးရက်ကြာကျင်းပခဲ့ရာ တိုင်းဒေသ ကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုး သားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင်အင်အား စုစုပေါင်း ၂၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နယ်မြေခံတပ်မတော်သားများက တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

◆ ညောင်တုန်းမြို့နယ်မှ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) မြစ်ကမ်း ရေတိုက်စားမှုကြောင့် တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဝေါမြို့နယ်တွင် ငွေကျပ် ၃၆၇၅ သိန်းတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၂၃၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ



ကျော်ကျော်ထွေး ခေါ် ရာဝီး၊ သိန်းစိုး ခေါ် ရာဂျားတို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

ဝေါမြို့နယ်တွင် ငွေကျပ် ၃၆၇၅ သိန်း တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် သိန်း ၂၃၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိပြီး တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရှည်ရွာအနီးတွင် စမ်းချောင်းမြို့နယ် လင်းလွန်း ရပ်ကွက်နေ သိန်းစိုး ခေါ် ရာဂျား ၄၃ နှစ် မောင်းနှင်ပြီး ပြင်ဦးလွင်မြို့ ဉာဏ်တောရပ်ကွက်နေ ကျော်ကျော်ထွေး ခေါ် ရာဝီး ၄၁ နှစ် လိုက်ပါလာသော TOYOTA PROBOX မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး အလေးချိန် ၁၀ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်း ဒေသတန်ဖိုးငွေကျပ် ၃၆၇၅ သိန်း) ဖမ်းဆီးရမိသဖြင့် သိန်းစိုး ခေါ် ရာဂျားနှင့် ကျော်ကျော်ထွေး ခေါ် ရာဝီးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် ည ၁၀ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ် တောင်ခြေရွာအနီး ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် ကျိုင်းတုံမြို့နယ် ဒေလီ ခေါ် မီးဘန့်ရွာနေ လော်ဘယ် ၄၀ နှစ် မောင်းနှင်ပြီး တုံတာမြို့ ခမ်းပေ့ါရွာနေ ကျဝ ၅၅ နှစ် လိုက်ပါလာသော HONDA WAVE i အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ရှေ့ခြင်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား ၄၆၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်း ဒေသတန်ဖိုးငွေကျပ်သိန်း ၂၃၀၀) ဖမ်းဆီးရမိသဖြင့် လော်ဘယ်နှင့် ကျဝတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၁၁-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၀၄၈,၅၀၅.၁၅ | ၁၁,၀၉၁,၈၁၃.၃၇ | ၁၂,၉၇၅,၆၃၆.၃၅ | - |

❍ နမ့်စန်ကြိုးပြင်ကာကွယ်တောသတ်မှတ်မှု

သဘာဝရေထွက်များ ရေရှည်တည်တံ့စေရန်နှင့် ရေဝေရေလဲဒေသများကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

နမ့်စန်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော တားမြစ်သစ်ပင်ဖြစ်သည့် ထင်းရှူးသစ်မျိုးများနှင့် သစ်နီ၊ သစ်ယား၊ သစ်အယ်၊ ညံသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သံလွင်မြစ်အတွင်းစီးဝင်သော နမ့်တိန်ချောင်း၏ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ တောဝက်၊ လင်းတ၊ တောကြောင်၊ ချေ၊ ဒေါင်း၊ ရေကြက်၊ သာလိကာ၊ ကြက်တူရွေးစသည့်တိရစ္ဆာန်များ၏ နေရင်းဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ကောင်းမွန်မျှတလာနိုင်ခြင်းနှင့် သဘာဝရေထွက် စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



# System Breakdown ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် စက်တင်ဘာ ၁၁**

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှုမရှိသည့် အခြေအနေတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများဓာတ်အားအပြည့်အဝရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်များဖြင့် ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ အခြေအနေတွင် ဓာတ်အားပေးစက်ရုံအများစုတည်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းမှ ဝန်အားသုံးစွဲမှုများပြားသည့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ဝန်အားအပြည့်ဖြင့် ဓာတ်အားပို့လွှတ်ခြင်းဆောင်ရွက်နေချိန် ယနေ့ နံနက် ၆ နာရီ ၂၈ မိနစ်တွင် ကေဗွီ ၂၃၀ သပြေဝ-တောင်တွင်းကြီး ဓာတ်အားလိုင်းသည် အပြစ်ဖြစ်ပေါ်ခဲ့ပြီး ဓာတ်အားလိုင်းကြီးအချို့ ဖျက်ဆီးခံထားရခြင်းကြောင့် ကျန်ရှိနေသည့် ဓာတ်အားလိုင်းများပေါ်တွင်သာ ဝန်ပိုစီးဆင်းမှု ထပ်ဆင့်ဖြစ်ပေါ်ရကာ ဆင့်ကဲဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝန်း ဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အဆိုပါဓာတ်အားလိုင်းအပြစ်ကို ချက်ချင်းပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ် ပုံမှန်ပြန်လည်ပို့လွှတ်နိုင်ခဲ့သော်လည်း မွန်းလွဲ ၁ နာရီ ၂၇ မိနစ်တွင် ကေဗွီ ၂၃၀ နေပြည်တော်-တောင်တွင်းကြီး ဓာတ်အားလိုင်းတွင် အပြစ်ထပ်မံဖြစ်ပေါ်ခဲ့သဖြင့် System Breakdown ထပ်မံဖြစ်ပွားခဲ့သည်။

ပြင်ဆင်မှုများ ပြန်လည်ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ချိတ်ဆက်ခဲ့ရာ ညနေ ၃ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ်ပုံမှန်မောင်းနှင်ခဲ့ပါကြောင်းနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကြားမှ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် ပြည်သူများအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အဆင်မပြေမှုများအပေါ် သည်းခံနားလည်ပေးကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စာနာစိတ်များဖြင့် ပန်ကြားလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ **စက်သုံးဆီအရောင်းဆိုင်များမှ** နိုင်ငံ၏ စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်း စနစ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လက်ရှိကျင့်သုံးလျက်ရှိသော “စုံ”/ “မ” ရက်စနစ် – QR Code သတ်မှတ်ချက်နှင့် အညီ ဆက်လက်ဝယ်ယူရန်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်နှင့်အညီ စက်သုံးဆီများတင်သွင်းဖြန့်ဖြူးခြင်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီအရောင်းဆိုင်များတွင်လည်း လက်ရှိကျင့်သုံးလျက်ရှိသည့် “စုံ” ရက်များတွင် စုံနံပါတ်အက္ခရာပါသော ယာဉ်များနှင့် “မ”ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များကို QR Code၊ Barcode စနစ်များဖြင့် “စုံ”/“မ” ရက် စနစ်သတ်မှတ်ချက်အတိုင်း အခက်အခဲမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နမ့်စန်မြို့၊ ခရမ်းမြို့၊ ကော့မှူးမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ကုန်းဆာကျေးရွာ ဥတ္တာရာရုံကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် ၁၀ ပါး၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ အရိုးကျီးပေါင်းရောဂါ၊ သွားနှင့်ခံတွင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရေပြားရောဂါ၊ ခါးရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် "ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ရာသီတုပ်ကွေးရောဂါ ကာကွယ်ကုသမှုနည်းလမ်းများအကြောင်း သိကောင်းစရာ"ခေါင်းစဉ်ဖြင့် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ဘုရားပျိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် နှစ်ပါး၊ ဒေသခံပြည်သူ ၁၃၂ ဦးတို့ကို အဆိုပါကျေးရွာရှိ မြသိန်းတန်ကျောင်းတိုက်၌လည်းကောင်း၊ ကော့မှူးမြို့နယ် အဖျောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ခုနစ်ပါး၊ ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို အဆိုပါကျေးရွာရှိ ရတနာမဏ္ဍိုင်ကျောင်းတိုက်၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်





မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေး တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၈၀ ခန့် အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ငါးသယ်လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် မိုင် ၈၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း တိုးတိုးလွင် ၉၉ အမည်ရှိ ငါးသယ်လှေတစ်စီး ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့် ပင်လယ်ပြင်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စီးနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စီးတို့သည် အနီးအနားရှိ ဒေသခံငါးဖမ်းလှေများနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါ ငါးသယ်လှေပေါ်၌ လိုက်ပါလာသူများ အနက် ၁၁ ဦးတို့ကို ရေယာဉ်ပေါ်သို့ ကူညီကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေဝင်နစ်မြုပ်ခဲ့သည့်လှေပေါ်မှ ကူညီကယ်ဆယ်ထားရှိသူများကို သက်ဆိုင်ရာသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ စနစ်တကျ စောင့်ရှောက်ထားကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တနင်္ဂနွေနေ့ညကစားမဲ့အမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ မန်ယူအသင်း၊ နာပိုလီအသင်း၊ ဆဲလ်တာဗီဂိုအသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်က အိမ်ရှင်အသင်းတွေဖြစ်တဲ့ အဲဗာတန်၊ အာဆင်နယ်တို့ ရမှတ်ယူနိုင်ခဲ့သလို စီးရီးအေပြိုင်ပွဲမှာလဲ ဘိုလော့နာ၊ ဖရိုစီဝမ်း၊ ပါးမား၊ ဂျူဗင်တပ်အသင်းတို့ရမှတ်ရှာနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် လာလီဂါပြိုင်ပွဲမှာလဲ အိမ်ရှင်အသင်းတွေဖြစ်တဲ့ အလာဗက်၊ မာလာဂါ၊ အက်စ်ပန်ညို၊ ဂီတာဖေးတို့ရမှတ်ခွဲယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ ဘွန်ဒက်လီဂါပြိုင်ပွဲမှာတော့ အိမ်ရှင်အသင်းတွေဖြစ်တဲ့ ဟမ်းဘတ်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ရှုံးပွဲကြုံခဲ့တာကြောင့် ဘွန်ဒက်လီဂါပွဲတွေကိုတော့ စဉ်းစားသွားမှာမဟုတ်ဘဲ အိမ်ကွင်းနိုင်ပွဲရှာဖွေဖို့လိုအပ်နေတဲ့ ပရီးမီးယားလိဂ်က မန်ယူအသင်း၊ စီးရီးအေကနာပိုလီအသင်းနဲ့ လာလီဂါပြိုင်ပွဲက ဆဲလ်တာဗီဂိုအသင်းတို့ကိုသာ အားပေးသွားရမှာဖြစ်ပါတယ်။

### မန်ယူအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ် (၄) မှာအကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ နည်းပြကာရစ်တာဝန်ယူပြီးနောက်ပိုင်း ရလဒ်ပိုင်းတိုးတက်လာခဲ့ပေမဲ့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိသေးတာကိုတွေ့ရမှာပါ။ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာတော့ ဟူးလ်စီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာတွေ့ရမှာပါ။ ဒုတိယပွဲစဉ်မှာတော့ တိုက်စစ်ကိုမြှင့်တင်ကစားခဲ့လို့ အစ်ဗ့စ်ကိုငါးဂိုးသွင်းယူနိုင်ခဲ့ပြီး ခံစစ်ကတော့ အားနည်းချက်တွေရှိနေလို့ ပေးဂိုးနှစ်ဂိုးခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ တတိယပွဲစဉ်မှာတော့ အဲဗာတန်ကိုဦးဆောင်ဂိုးတွေရခဲ့ပေမဲ့ ခံစစ်ကတော့အားနည်းချက်တွေရှိနေလို့ ချေပဂိုးတွေပြန်ပေးရပြီး ရမှတ်ခွဲပေးလိုက်ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် တိုက်စစ်ကစားပုံကောင်းနေပေမဲ့ ခံစစ်ကစားပုံကိုပြင်ဆင်နိုင်မှသာ မန်ယူအသင်းရမှတ်ရှာနိုင်မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ နည်းပြမာရက်စ်ကာလက်အောက်မှာ ပရီးမီးယားလိဂ်သုံးပွဲကစားပြီး သုံးပွဲအနိုင်ရထားတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဘုန်းမောက်နဲ့ပွဲမှာ အသင်းကစားပုံနဲ့ ကစားအားကောင်းလာခဲ့ပြီး နိုင်ပွဲဆက်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပေါ်တိုနဲ့ပွဲမှာလဲ နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် မန်စီးတီးအသင်းကတော့ ပုံစံကောင်းရနေတယ်လို့ဆိုရမှာဖြစ်ပြီး မန်ယူအသင်းကတော့ ခံစစ်ကစားပုံအားနည်းနေတာဖြစ်ပါတယ်။ ဒါပေမဲ့ မန်ချက်စတာဒါဘီပွဲမှာတော့ ခြေစွမ်းပိုင်းတင်မဟုတ်ဘဲ အစဉ်အလာနဲ့ ယုံကြည်မှုပိုင်းကိုလဲ ထည့်သွင်းစဉ်းစားရမှာဖြစ်လို့ မန်ယူအသင်းက အိမ်ကွင်းအားသာချက်နဲ့ ယုံကြည်မှုပိုင်းပိုကောင်းနေတာဖြစ်လို့ အခုပွဲမှာ မန်ယူပဲရလဒ်ကောင်းသွားမှာပါ၊

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၄ | အေစီမီလန် |
| ဟူးလ်စီးတီး | ၂ | - | ၀ | မန်ယူ |
| မန်ယူ | ၅ | - | ၂ | အစ်ဗ့စ် |
| အဲဗာတန် | ၂ | - | ၂ | မန်ယူ |
| မန်ယူ | ၄ | - | ၀ | ဆာဘတ် |

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၃ | - | ၀ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၁ | ဘုန်းမောက် |
| ပဲလေ့စ် | ၁ | - | ၄ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၀ | ကိုဗင်ထရီ |
| ပေါ်တို | ၀ | - | ၂ | မန်စီးတီး |

### နာပိုလီအသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ စီးရီးအေပွဲစဉ်မှာအကြိုက်တွေ့မိတာကတော့ နာပိုလီအသင်းနဲ့ ဘိုလော့နာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီအသင်းဟာ အတွေ့အကြုံရှိတဲ့ နည်းပြအယ်လီဂရီကို ခန့်အပ်ထားပေမဲ့ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက် နိုင်ပွဲပျောက်ခဲ့တာကိုတွေ့ရမှာပါ။ စီးရီးအေအဖွင့်ပွဲမှာတော့ ဂျီနိုအာအသင်းကိုနှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပေမဲ့ နောက်ပိုင်းမှာ ကိုမိုအသင်းကို နှစ်ဂိုးတစ်ဂိုး၊ အင်တာမီလန်ကို သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲမှာတော့ နည်းပြသစ်အနေနဲ့ အားနည်းချက်တွေကိုပြင်ဆင်လာမှာသေချာနေပြီး ဘိုလော့နာလို ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းကိုနိုင်ပွဲရှာရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ နာပိုလီအသင်းကအသာရထားတာကြောင့် အခုပွဲမှာ ဘိုလော့နာကို ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။

ဘိုလော့နာအသင်းဟာ နည်းပြသစ်လက်ထက်မှာ အထိုင်ကျဖို့ကြိုးပမ်းနေရတာကြောင့် စီးရီးအေသုံးပွဲကစားအပြီးမှာ သရေရလဒ်တစ်ပွဲသာရှိခဲ့လို့ ရမှတ်တစ်မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၁၅) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နှစ်စဉ်ကစားသမားကောင်းတွေပေါ်ထွက်ခဲ့ပေမဲ့ ထိန်းသိမ်းနိုင်ခြင်းမရှိသလို အခုနှစ်မှာလဲ ခံစစ်ကလူကူမီကို ဂျူဗင်တပ်အသင်းကိုရောင်းချခဲ့ပြီး ကစားသမားထပ်မံဖြည့်တင်းနိုင်ခြင်းမရှိတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာတော့ သူတို့အသင်းရဲ့ အဝေးကွင်းကစားပုံကောင်းခဲ့တာဖြစ်ပေမဲ့ အခုနှစ်မှာတော့ နည်းပြဒီတက်စ်ကိုနဲ့ ကစားသမားတွေကြားနားလည်မှုရဖို့ အချိန်လိုအပ်နေလို့ ရလဒ်တွေဆိုးရွားနေတာကို သတိပြုရမှာပါ။ ဒါကြောင့် ဘိုလော့နာအနေနဲ့ အခုပွဲမှာ ဂိုးရဖို့ တိုက်စစ်မြှင့်လာမယ်ဆိုရင် ခံစစ်ပိုင်းအားနည်းချက်ပိုများသွားနိုင်ပြီး နာပိုလီရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်သွားမှာပါ။ အိမ်ရှင်နိုင်ပွဲရဖို့ သေချာတယ်လို့ သုံးသပ်မိတာကြောင့် နာပိုလီနဲ့ပဲလက်တွဲရမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၆ | - | ၂ | အရစ် |
| ဂျီနိုအာ | ၀ | - | ၂ | နာပိုလီ |
| နာပိုလီ | ၁ | - | ၂ | ကိုမို |
| အင်တာမီလန် | ၃ | - | ၂ | နာပိုလီ |
| နာပိုလီ | ၀ | - | ၁ | အာဆင်နယ် |

### ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၃ | - | ၁ | ကမ်ဘူး |
| ဘရိုက်တန် | ၁ | - | ၀ | ဘိုလော့နာ |
| ဘိုလော့နာ | ၀ | - | ၁ | လာဇီယို |
| အတ္တလန်တာ | ၁ | - | ၀ | ဘိုလော့နာ |
| ဘိုလော့နာ | ၂ | - | ၂ | ဆက်ဆူအိုလို |

### ဆဲလ်တာဗီဂိုအသင်း အနိုင်ရမှာပါ

လာလီဂါပွဲစဉ်မှာအကြိုက်တွေ့မိတာကတော့ ဆဲလ်တာဗီဂိုအသင်းနဲ့ မာလာဂါအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ နည်းပြဂီရယ်ဒက်ဇ်လက်ထက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ အမှတ်ပေးဇယား အဆင့် (၆) ထိရောက်ရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ တိုက်စစ်ကစားသမားတွေ ဂိုးသွင်းအားကျဆင်းနေလို့ နိုင်ပွဲရဖို့ ရုန်းကန်နေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး ကစားကွက်အခင်းအကျင်းပြောင်းလဲကစားခဲ့ပေမဲ့ အသင်းတိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်နေရတာကြောင့် အခုပွဲမှာ နည်းပြအနေနဲ့ တိုက်စစ်ပိုင်းအပြောင်းအလဲလုပ်လာရင်တော့ မာလာဂါလိုတန်းတက်အသင်းကို ဖိအားပေးကစားပြီး နိုင်ပွဲရှာနိုင်မှာသေချာပါတယ်။

မာလာဂါအသင်းကတော့ လာလီဂါပြိုင်ပွဲကို အခုရာသီမှသာ ပြန်လည်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လာလီဂါမှာ ဆက်လက်ကစားခွင့်ရဖို့ရည်မှန်းထားပေမဲ့ ကစားသမားသစ်ဖြည့်တင်းနိုင်မှုမရှိတာကြောင့် လက်ရှိမှာလဲ ရလဒ်ပိုင်းဆိုးရွားနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လေးပွဲကစားအပြီးမှာ အေတီကိုနဲ့ ရီးရဲလ်မက်ဒရစ်တို့ကိုဂိုးပြတ်ရှုံးခဲ့ပြီး ခြေရည်တူအသင်းတွေဖြစ်တဲ့ ကော်ရူနာနဲ့လီဗန်တေးကိုတော့ သရေကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ခံစစ်ပိုင်းကတော့ လာလီဂါပွဲစဉ်လေးပွဲမှာ ခုနစ်ဂိုးထိပေးခဲ့ရတာကြောင့် အခုပွဲမှာ ဆဲလ်တာဗီဂိုအသင်းတိုက်စစ်မြှင့်တင်လာရင်တော့ ဂိုးပေးရဖို့များနေပြီး ပေးဂိုးမများဖို့သာကစားရမှာဖြစ်ပါတယ်။ အိမ်ရှင်အသင်း အနိမ့်ဆုံးတစ်ဂိုးနဲ့နိုင်ဖို့သေချာတာကြောင့် အခုပွဲမှာ အိမ်ရှင် ဆဲလ်တာဗီဂိုပဲအနိုင်ရသွားမှာပါ။

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၀ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | အိုဆာဆူနာ |
| ဆဲလ်တာဗီဂို | ၀ | - | ၂ | ဘီလ်ဘာအို |
| ဆိုစီဒက် | ၀ | - | ၀ | ဆဲလ်တာဗီဂို |
| ဂီတာဖေး | ၁ | - | ၁ | ဆဲလ်တာဗီဂို |

### မာလာဂါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာလာဂါ | ၂ | - | ၂ | ဖူလ်ဟမ် |
| အေတီကို | ၂ | - | ၀ | မာလာဂါ |
| မာလာဂါ | ၁ | - | ၁ | ကော်ရူနာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | မာလာဂါ |
| မာလာဂါ | ၀ | - | ၀ | လီဗန်တေး |

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) | **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) | **တောင်ငူမြို့** | အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ကာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပါသည်။

Dentist Recommended

DENTOMEC

FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊ Grade-11 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်ခန့်သူ၏ ဖခင်အမည်မှန်မှာ **ဦးဇင်ငြိမ်း** ဖြစ်ပါကြောင်း။

**ဦးဇင်ငြိမ်း(၉/မလန(နိုင်)၁၂၈၅၂၇)**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးနိုင်ဝင်း၏ သမီး မမေသော်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မသော်ဇင်ဝင်း** ဖြစ်ပါကြောင်း။

**မသော်ဇင်ဝင်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း(နန်းရှေ့)၊ Grade-12 တွင် ပညာသင်ကြားနေသော ဦးခင်လှိုင်၏ သမီး မဆုမြတ်ထက်လှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ **၃၀-၆-၂၀၀၉** ဖြစ်ပါကြောင်း။

**မဆုမြတ်ထက်လှိုင်(၃၀-၆-၂၀၀၉)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ လက်ကောင်းရွာ၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးလှိုင်၏ သမီး မထက်ဝေလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **၁၁-၇-၂၀၀၉** ဖြစ်ပါကြောင်း။

**မထက်ဝေလှိုင်(၁၁-၇-၂၀၀၉)**

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-4 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးမြတ်သူ၏သမီး မမိုးမြင့်ခိုင်အား **မပြည့်ပြည့်မိုးခင်** ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မပြည့်ပြည့်မိုးခင်**

## အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(၃)ကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးရဲမြင့်ဝင်း၏ သမီး မစန္ဒာဖြိုးလွင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဇူးဇူးမောင်** ဖြစ်ပါကြောင်း။

**မဇူးဇူးမောင်(၉/ကဆန(နိုင်)၂၆၂၈၂၆)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မမေဇင်ဖြိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်ဇော်ဝင်း** ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်ဝင်း(၈/ပကခ(နိုင်)၁၇၉၈၂၆)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက ပန်းအိုင်ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မစန်းနုဝေ၏ ဖခင်အမည်မှန်မှာ **ဦးဟန်ဇော်ထွန်း** ဖြစ်ပါကြောင်း။

**ဦးဟန်ဇော်ထွန်း**
**(၉/တသန(နိုင်)၁၆၅၀၉၅)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ မန်းလုံးကျေးရွာနေ နန်းနေ (ဘ) ဦးအိုက်ဦး (၁၃/နဆန(နိုင်)၀၇၈၉၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-972192366**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နယ်မြေ(၅)၊ မှန်တန်းရပ်နေ ဦးသန်းဝင်းကျော် (ဘ) ဦးသန်းထွန်း(၉/မဟမ(နိုင်)၀၂၀၇၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ်၊ MA-902392 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-795684704**

# အဖိုးတန် ရေချိုကို ချွေတာပါ

## လျှောင်ပြင်းအားများ

| လျှောင် ပမာဏ ရစ်ချ်တာ စကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

လျှောင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး လျှောင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ် မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ရတနာပုံ**
**ယနေ့ ဖတ်စရာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး စာမျက်နှာ - ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြု စာမျက်နှာ - ၂၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး
စာမျက်နှာ ၁၉ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို အမျိုးသား၊အမျိုးသမီး Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စုပေါင်းတံခွန်စိုက်ဆုဖလား ဆွတ်ခူး



**နေပြည်တော် စက်တင်ဘာ ၁၁**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိအားကစားရုံ(C)၌ကျင်းပသည်။ စာမျက်နှာ ၂၆ ကော်လံ ၁ ❖

## နမ့်စန်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၁၉၃၃ ဧက ရှိသော နယ်မြေကို **"နမ့်စန်ကြိုးပြင်ကာကွယ်တော"**အဖြစ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒေသမျိုးရင်းရှားပါးသစ်ပင်များနှင့်တိရစ္ဆာန်များ၏မူရင်းဒေသတိုးပွားလာစေရန်၊ ဒေသခံများ၏ စိုက်ပျိုးရေးနှင့်သောက်သုံးရေအတွက် စာမျက်နှာ ၂၇ ကော်လံ ၄ ❍



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌
စာမျက်နှာ ၂၇ ကော်လံ ၁ ◆



နယ်မြေခံတပ်မတော်သားများက ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**ရတနာပုံ** **ယနေ့ဖတ်စရာ**

မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ် စာမျက်နှာ - ၂၈